# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ၀ တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၄၀)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၁၃ ခုနှစ်၊ ဇွန် ၂ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၃ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့်နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဂျော်ဂျီယို နာပိုလီတာနို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့်နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ရီကို လက်တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်း၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)



# ကျန်းမာရေးစောင့်ရှောက်မှုတွင် ကုသမှုဖြင့်မပြီးဘဲ ပညာပေးမှုနှင့် ကာကွယ်မှုအပိုင်းပါ ဟန်ချက်ညီညီဆောင်ရွက်

နေပြည်တော် ဇွန် ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်း၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မှာကြားရာတွင် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို ပိုမို၍မြှင့်တင်ပေးနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး မိမိတို့အစိုးရအဖွဲ့အနေဖြင့် အားပေးဆောင်ရွက်ခဲ့ရာ အချိန်အားဖြင့် တစ်နှစ်ကြာခဲ့ပြီဖြစ်ပါကြောင်း။

ယခုအချိန်တွင် ၎င်းအဖွဲ့အစည်းသည် စနစ်တကျ တရားဝင်အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖြစ်ပေါ်လာခဲ့ပြီဖြစ်ပါကြောင်း၊ ၎င်းဖောင်ဒေးရှင်းမှာ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ဖြင့် စနစ်တကျဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ပါဝင်သော ပုဂ္ဂိုလ်အားလုံးသည် ပြည်တွင်း ပြည်ပမှာ ကျန်းမာရေးအတွေ့အကြုံ၊ လူမှုရေးအတွေ့အကြုံတွေရင့်ကျက်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် မိမိအနေဖြင့် အားရဝမ်းသာဖြစ်မိပါကြောင်း။

၎င်းပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းသည် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာရေးအတွက် အစိုးရ၏ ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဝင်ရောက်ကူညီပေးရန် ဖြစ်ပါကြောင်း၊ ဝင်ရောက်စွက်ဖက်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် စင်ပြိုင်လုပ်ရန် မဟုတ်ဆိုသည်ကို နှစ်ဦးနှစ်ဖက် နားလည်မှုရှိထားကြရန် အရေးကြီးပါကြောင်း။

အခြားတိုင်းပြည်များတွင်လည်း ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး အစိုးရကဆောင်ရွက်နေခြင်းများရှိသကဲ့သို့ ပုဂ္ဂလိကအပိုင်းကလည်း ကဏ္ဍအလိုက် အသင်းအဖွဲ့များ ထူထောင်ပြီး ကိုယ့်တိုင်းပြည်အတွင်းမှာသာမက ဖွံ့ဖြိုးဆဲနိုင်ငံများအထိ နယ်စည်းမခြားဘဲ *စာမျက်နှာ ၃ ကော်လံ ၁* ▲

**နိုင်ငံတကာ**

### ထုထည်ကြီးမားသော ဂြိုဟ်သိမ် ကမ္ဘာနှင့် နီးကပ်စွာဖြတ်သန်း

သတင်းစာမျက်နှာ ➢ ၄

**နိုင်ငံတကာ**

### စတ်အား ၂၀ ကီလိုဝပ်ထုတ်ပေးနိုင်သည့် ရေပေါ်လေတာဘိုင် စတင်စမ်းသပ်

သတင်းစာမျက်နှာ ➢ ၅

**ပြည်တွင်း**

### ချင်းတွင်းမြစ်ရေများ တိုးလာခြင်းကြောင့် ကုန်တင်အမြန်ယာဉ်များ ကုန်စည်စီးဆင်းမှု မြန်ဆန်လာ

သတင်းစာမျက်နှာ ➢ ၁၀




ပြည်တွင်းသတင်း

# ကျန်းမာရေးမြှင့်တင်မှုတွင် ကျန်းမာရေးအထူးပြုကဏ္ဍတစ်ခုခုကိုရွေးချယ်၍ ထိထိရောက်ရောက်ဖော်ဆောင်

▲ ရှေ့ဖုံးမှ

ဝင်ရောက် ကူညီဆောင်ရွက်နေသည့် NGO အသင်းအဖွဲ့များ များစွာရှိပါကြောင်း။

ယင်း NGO အသင်းအဖွဲ့များသည် ငွေကြေးရော ပညာရပ်ပိုင်းဆိုင်ရာမှာပါ အားသာချက်များ ရှိပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဝင်ရောက်ပြီး အကူအညီပေးနေခြင်းများ ရှိပါကြောင်း။

သို့သော်လည်း ယင်း NGO အသင်းအဖွဲ့များသည် ပြည်သူများ၏ အလှူထည့်ဝင်ငွေများဖြင့် အများဆုံး ရပ်တည် ဖွဲ့စည်းထားကြခြင်းဖြစ်သည့်အတွက် နိုင်ငံရေးနှင့် မစွက်ဖက်စေရအောင် သက်ဆိုင်ရာအစိုးရတွေထက် NGO အဖွဲ့အစည်းအချင်းချင်းသာ ဆက်ဆံလိုကြပြီး ပြည်သူများ တိုက်ရိုက်အကျိုးခံစားရအောင် လုပ်လိုကြပါကြောင်း။

ထို့ကြောင့် ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ယခုကဲ့သို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတစ်ခု စနစ်တကျဖြင့် တရားဝင်ဖွဲ့စည်းထားရှိပြီ ဖြစ်သည့်အတွက် နိုင်ငံအသီးသီးက ကျန်းမာရေးဆိုင်ရာ NGO အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ပြီး ကိုယ့်နိုင်ငံက ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုတိုးမြှင့်ပြီး လုပ်ဆောင်နိုင်တော့မည်ဖြစ်ပါကြောင်း။

အသင်းအဖွဲ့ တစ်ခုဖြစ်သည့်အတွက် အသင်းအဖွဲ့၏ရည်ရွယ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဝါဒများ၊ လုပ်ငန်းတာဝန်များရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအချက်များပါဝင်သော ဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများရှိပါကြောင်း၊ ငှက်ဖျား၊ တီဘီ၊ HIV/ AIDS စသည့် ရောဂါကြီး သုံးမျိုးသည်လည်း သိသာစွာ လျော့ပါးသွားခြင်း မရှိသေးကြောင်း၊ ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုး၊



ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆီးချိုစသော အသက်အန္တရာယ်အများဆုံးပေးနိုင်သည့် ရောဂါများသည်လည်းရှိနေပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်ရာတွင် ကုသရုံတစ်ခုတည်းဖြင့် မပြီးဘဲ ပညာပေးမှုအပိုင်း၊ ရောဂါမဖြစ်ပွားအောင် ကာကွယ်သည့်အပိုင်းများတွင်ပါ တစ်ပြိုင်တည်း ဟန်ချက်ညီဆောင်ရွက်မှသာ ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးအဆင့်အတန်းကွာဟမှု အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကူညီပေးပါ။ ကျန်းမာရေးနှင့် ဆက်နွှယ်နေသည့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးအပိုင်းများတွင် ဝင်ကူပေးပါ။ ကျန်းမာရေးမြှင့်တင်မှုနှင့် ပတ်သက်ပြီး ကျန်းမာရေးအထူးပြုကဏ္ဍတစ်ခုခုကို ရွေးချယ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပါ။ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ဖောင်ဒေးရှင်းဖွဲ့စည်းထားမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် အကောင်အထည်ဖော်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေအခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဖောင်ဒေးရှင်းနာယက ဒေါက်တာကိုကိုကြီးတို့က ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားရာတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ရာတွင် ဖောင်ဒေးရှင်းသည် အားထားရသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာစေရန်နှင့် မိမိတို့ နိုင်ငံသားများ၏ လူနေမှု သက်တမ်း မြင့်မားလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ပြည်ပရောက် မြန်မာဆရာဝန်ကြီးများ၊ လူမှု



ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရန်ပုံငွေရရှိရေးနှင့် သုံးစွဲမှုနှင့် ပတ်သက်၍ စနစ်တကျ စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း၊ ဤအဖွဲ့အစည်းအနေဖြင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင် လုပ်ဆောင်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် နိုင်ငံတစ်ဝန်း နေထိုင်ကြသည့် ပြည်သူများအားလုံး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစွာ အပြည့်အဝ ခံစားရရှိစေရန်အတွက် ကူညီပံ့ပိုးပေးရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ယခုကဲ့သို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတစ်ခု စနစ်တကျဖြင့် တရားဝင်ဖွဲ့စည်းထားရှိပြီဖြစ်သည့်အတွက် နိုင်ငံအသီးသီးက ကျန်းမာရေးဆိုင်ရာ NGO အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ပြီး ကိုယ့်နိုင်ငံက ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုတိုးမြှင့်ပြီး လုပ်ဆောင်နိုင်တော့မည်**

## တောင်ကုတ်၊ ကျောက်ဖြူဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၁**

တောင်ကုတ် တက္ကသိုလ် ရေလှောင်ဆည် တည်ဆောက်နေမှု၊ တက္ကသိုလ် ကျောင်းဆောင်ဆောက်လုပ်နေမှုနှင့် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၂၈ ရက် ညနေပိုင်းတွင်သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၉ ရက်တွင် ကျောက်ဖြူမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အခမ်းအနား၌ အမှာစကားပြောကြားပြီး မူလတန်းကျောင်းသားများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဘုရားကြီးတောင်ရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံကာ ကျောက်တလုံးကယ်ဆယ်ရေးစခန်း၌ တဲတန်းလျားများဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၂-၆-၂၀၁၃ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၀၀ | ပြည်တွင်းနှင့်နိုင်ငံတကာသတင်း |
| ၉း၃၅ | တစ်ခါတစ်ခေါက် အလည်ရောက်ခဲ့ မမေ့နိုင်စရာမိတ္ထီလာ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၀၀ | သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၂း၂၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၂း၃၅ | မြန်မာဗီဒီယိုဇာတ်လမ်း **လရောင်နမ်းတဲ့ပန်းပင်လယ်** မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်) |

**ညနေခင်း**

| | |
|---|---|
| ၁၅း၀၀ | ပြည်တွင်းသတင်း |
| ၁၅း၄၀ | **ဖွားချို** (စံရှားတင်၊ ဝါးခယ်မ ရဲမောင်) ဒါရိုက်တာ-ခင်ဇော်(ကေသီပန်) |
| ၁၆း၀၀ | ပြည်တွင်းသတင်း |
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (ပထမနှစ်) (ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ) |
| ၁၆း၄၅ | Road to 27 th SEA Games (Yatching) |
| ၁၇း၀၀ | ပြည်တွင်းသတင်း |
| ၁၈း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း |
| ၁၉း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ |
| ၂၀း၃၅ | ပြည်သူ့နိုတိ **ရွှေသမက်လောင်း** ဝင်းနိုင်(အနုပညာ)၊ မျိုးသီဟသူ၊ ဂွမ်းပုံကြီး၊ ခင်ရတနာဦး၊ SB အဖွဲ့ ဒါရိုက်တာ-ဇော်ဝေအောင် (MRTV-4) |
| ၂၁း၀၀ | ပြည်တွင်းသတင်း |

## အင်္ဂလိပ်စာ မွမ်းမံသင်တန်းဆင်း

**ရန်ကုန် ဇွန် ၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများ အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ အင်္ဂလိပ်စာကထိကများအတွက် မွမ်းမံသင်တန်း (၁/ ၂၀၁၃) ဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

အင်္ဂလိပ်စာ ကထိကများ၏ ဘာသာစကား ကျွမ်းကျင်မှုစွမ်းရည်ကို မြှင့်တင်ရန်၊ သင်ကြားရေး၌ အသုံးပြုသော အင်္ဂလိပ်ဘာသာစကား အသုံးအနှုန်းများကို ထိရောက်စွာ အသုံးပြု၍ အင်္ဂလိပ်စာကို ကျွမ်းကျင်ထိရောက်စွာသင်ကြားနိုင်ရန်၊ ဘာသာစကားသင်ကြားရေး၌ အသုံးပြုနိုင်သော လက်တွေ့ဆောင်ရွက်ချက်များကို အသုံးပြုသင်ကြားတတ်စေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**




နိုင်ငံတကာသတင်း



# ကုလသမဂ္ဂလုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌ ဗြိတိန်ဖြစ်လာ

**ကုလသမဂ္ဂ ဇွန် ၁**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဗြိတိန်နိုင်ငံက ဇွန် ၁ ရက်မှ စတင်ကာ တာဝန်ယူပြီဖြစ်ကြောင်း၊ ယင်းမှာ ဇွန်လအတွက်ဖြစ်ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် တိုဂိုနိုင်ငံ၏တာဝန်မှာ မေ ၃၁ ရက်က ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ အယ်ဘိုင်က သတင်းထောက်များကို ပြောကြားသည်။ ဇွန်လအတွက် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဗြိတိန်နိုင်ငံသည် တစ်လတာလုပ်ငန်းအစီအစဉ်များကို ဇွန် ၂ ရက်၌ ထုတ်ဖော်ပြောကြားမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် ကုလသမဂ္ဂအမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံမှာ တရုတ်၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ရုရှားနိုင်ငံတို့ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀ နိုင်ငံရှိရာ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သောနိုင်ငံများမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ နှစ်အပိုင်းအခြားအလိုက် အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ **(ဆင်ဟွာ)**

# တောင်ကိုရီးယားက နိုင်ဂျီးရီးယား၌ စွမ်းအင်ဖြည့်ဆည်းရေး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံမည်

**အဘူဂျာ ဇွန် ၁**

တောင်ကိုရီးယားနိုင်ငံမှ အိတ်ချ်ကျူအမ်စီကိုရီးယားကုမ္ပဏီက နိုင်ဂျီးရီးယားနိုင်ငံတွင် စွမ်းအင်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံသွားရေး နှစ်ဦး နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဇွန် ၁ ရက်၌ သတင်းထုတ်ပြန်သည်။

## ပြောကြား

နိုင်ဂျီးရီးယားနိုင်ငံတွင် စွမ်းအင်ပြောင်းလဲရေးစီမံကိန်းတွင် နေစွမ်းအင်ကဏ္ဍအတွက် အကူအညီပေးရေး အဆိုပါငွေကြေးများကို ရင်းနှီးမြှုပ်နှံရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း အဘူဂျာမြို့တွင် ကျင်းပသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ ၄င်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ မွန်ဆန်ကင်က ပြောကြားသည်။

အဆိုပါနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးနိုင်မှုသည် နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန် အကျိုးသက်ရောက်မှုရှိသည့် လုပ်ရပ်ဖြစ်သည်ဟု နိုင်ဂျီးရီးယားအရာရှိများက ပြောကြားသည်။

## ဖြည့်ဆည်းပေးနိုင်

တောင်ကိုရီးယားကုမ္ပဏီမှ ငွေကြေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ဂျီးရီးယားနိုင်ငံတွင် တစ်နှစ်လျှင် မီဂါဝပ် ၁၀၀၀ နှင့် ၁၀ နှစ်တာကာလအတွင်း ထုတ်လုပ်ပေးမည်ဖြစ်ပြီး နိုင်ဂျီးရီးယားနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

# ထုထည်ကြီးမားသော ဂြိုဟ်သိမ် ကမ္ဘာနှင့်နီးကပ်စွာဖြတ်သန်း

**နယူးယောက် ဇွန် ၁**

အတိုင်းအတာအားဖြင့် ၂ ဒသမ ၇ ကီလိုမီတာ (၁ ဒသမ ၇ မိုင်)နီးပါးရှိသော ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်လုံး ကမ္ဘာအနီးမှ ဖြတ်သန်းသွားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၁၉၉၈ QE2 ဟု အမည်ပေးထားသော ယင်းဂြိုဟ်သိမ်သည် မေ ၃၁ ရက် ဂရင်းနစ်စံတော်ချိန် ၂၀ နာရီ ၅၉ မိနစ်တွင် ကမ္ဘာဂြိုဟ်အနီးမှ နီးကပ်စွာ ဖြတ်သန်းသွားသော်လည်း ကမ္ဘာနှင့် တိုက်မိခြင်းမရှိကြောင်း ပညာရှင်များက ပြောကြားသည်။

ယင်းဂြိုဟ်သိမ်သည် ကမ္ဘာနှင့် ကီလိုမီတာ ၅၈၀၀၀၀၀ (မိုင် ၃၆၀၀၀၀၀)အနီးမှ ဖြတ်သန်းသွားခြင်းဖြစ်ကြောင်း သိရသည်။ ယခုဂြိုဟ်သိမ်သည် ဖေဖော်ဝါရီလအတွင်း ကမ္ဘာနှင့်နီးကပ်စွာဖြတ်သန်းသွားသည့် ဂြိုဟ်သိမ်ထက် အကွာအဝေး အဆ ၂၀၀ ခန့်မှ ဝေးကွာစွာ ကမ္ဘာကို ဖြတ်သန်းသွားသော်လည်း ထုထည်ပမာဏမှာ အဆ ၅၀၀၀၀ ထက် ပိုမိုကြီးမားကြောင်း သိပ္ပံပညာရှင်များကဆိုသည်။ **(ဘီဘီစီ)**







# အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်၊ ငါးဦးသေဆုံး

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် လေဆင်နှာမောင်းကြောင့် မိခင်တစ်ဦးနှင့် ကလေးငယ်အပါအဝင် အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို ဇွန် ၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခုတိုက်ခတ်သည့် လေဆင်နှာမောင်းသည် အိုကလာဟိုးမားစီးတီး ဆင်ခြေဖုံး မိုရေးမြို့အနီး တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းနေရာတွင် ပြီးခဲ့သည့် သီတင်းနှစ်ပတ်ခန့်က ပြင်းထန်သော လေဆင်နှာမောင်းတစ်ခုဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် လူပေါင်း ၂၄ ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

## ဖြစ်ပေါ်ခဲ့

ယခုအကြိမ်တိုက်ခတ်သည့် လေဆင်နှာမောင်းသည် မေ ၃၁ ရက်ညနေပိုင်းက နာရီပိုင်းမျှတိုက်ခတ်စဉ်အချိန်အတွင်း လူအများအပြားသည် ကားများအတွင်း ပိတ်မိနေမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ထို့အပြင် နေအိမ်ပေါင်း ၆၀၀၀၀ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းနှင့် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းခြင်းများလည်း ဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။

## သေဆုံးနေ

အဝေးပြေးလမ်းမပေါ်တွင် ယာဉ်ဒါဇင်ပေါင်းများစွာ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း၊ လမ်းများပေါ်တွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေလွှမ်းမှုမှာ အချို့နေရာများတွင် ၄ ပေအထက်အထိရောက်ရှိကြောင်း၊ ကလေးတစ်ဦးနှင့်မိခင်မှာ အိုကလာဟိုးမားစီးတီးအနီးရှိ အဝေးပြေးကားလမ်းမတစ်ခုပေါ်၌ ၎င်းတို့၏ ကားအတွင်းသေဆုံးနေခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(ဘီဘီစီ)**



# ဥရောပရဲ့ အလုပ်လက်မဲ့ပြဿနာ

**မောင်မဟာ**

**ယူရိုဇုန်မှာ ပြီးခဲ့တဲ့ဧပြီလက အလုပ်လက်မဲ့ဦးရေ အမြင့်ဆုံးအနေအထားနဲ့ မြင့်တက်လာခဲ့လို့ ဥရောပခေါင်းဆောင်တွေ အတော်အကျပ်ရိုက်နေကြပါတယ်။ ဥရောပသမဂ္ဂရဲ့ မေ ၃၁ ရက်က ထုတ်ပြန်တဲ့အစီရင်ခံစာအရ ၂၀၀၀ပြည့်နှစ်က စတင်ပြီး အလုပ်လက်မဲ့ဦးရေတိုးမြင့်လာနေတာဟာ ပြီးခဲ့တဲ့ ဧပြီလမှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။**

အခုလို အလုပ်လက်မဲ့ဦးရေ တိုးမြင့်လာနေတာဟာ ပြီးခဲ့တဲ့ တစ်နှစ်က ၁၁ ဒသမ ၂ ရာခိုင်နှုန်းထက် ပိုမိုမြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ ဒီလို အလုပ်လက်မဲ့ပြဿနာ တိုးမြင့်လာခြင်းဟာ ယူရိုဇုန်မှာ ကြွေးမြီပြဿနာများ ဆက်လက်ဖြစ်ပွားနေမှု၊ ငွေကြေးဈေးကွက်များ မတည်မငြိမ်ဖြစ်မှုနဲ့ စီးပွားရေး အခြေအနေများကြောင့် ဖြစ်တယ်လို့လည်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အီးယူမှာ နိုင်ငံပေါင်း ၂၇ နိုင်ငံ ပါဝင်ပြီး အဲဒီနိုင်ငံတွေရဲ့ အလုပ်လက်မဲ့နှုန်းဟာ လက်ရှိအခြေအနေအတိုင်းဆက်သွားရင် တဖြည်းဖြည်းနဲ့ တိုးမြင့်လာဖို့ပဲရှိတယ်လို့ သုံးသပ်နေကြပါတယ်။ အီးယူနိုင်ငံတွေမှာ အလုပ်လုပ်ကိုင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီးဦးရေ သန်းချီရှိတဲ့အနက် ထက်ဝက်ခန့်ဟာ ယူရိုဇုန်မှာ ရှိပါတယ်။ ယူရိုဇုန်မှာ အလုပ်လက်မဲ့ဦးရေဟာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေပါတယ်။

အီးယူနဲ့ ယူရိုဇုန်တွေမှာရှိတဲ့ အလုပ်လက်မဲ့နှုန်းကို နှိုင်းယှဉ်ကြည့်ရင် ပြီးခဲ့တဲ့ မတ်လက အီးယူမှာ အလုပ်လက်မဲ့ဦးရေ ၁၀၄၀၀၀ ရှိခဲ့ပြီး ယူရိုဇုန်မှာ အလုပ်လက်မဲ့ ၉၅၀၀၀ ရှိခဲ့တယ်လို့ ဆိုပါတယ်။ အလုပ်လက်မဲ့ ရာခိုင်နှုန်းကိုကြည့်ရင် အီးယူမှာ တိုးမြင့်ခဲ့သလို ယူရိုဇုန်မှာ တိုးမြင့်လာနေတယ်လို့ အီးယူက ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။




အဲဒီလို အလုပ်လက်မဲ့နှုန်း မြင့်တက်နေတဲ့ အနေအထားကို ကြည့်ရင် အီးယူနဲ့ယူရိုဇုန်မှာ အလုပ်လက်မဲ့နှုန်း အနည်းဆုံး နိုင်ငံတွေအနေနဲ့ ဩစတြီးယားက ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ဂျာမနီက ၅ ဒသမ ၄ ရာခိုင်နှုန်းနဲ့ လူဇင်ဘတ်က ၅ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးရှိနေပါတယ်။

အလုပ်လက်မဲ့ အများဆုံးနိုင်ငံတွေကတော့ စပိန်နိုင်ငံက ၂၆ ဒသမ ၈ ရာခိုင်နှုန်း၊ ဂရိနိုင်ငံက ၂၇ ရာခိုင်နှုန်းတွေရှိနေတယ်လို့လည်း အဲဒီအစီရင်ခံစာမှာ ဆက်လက်ဖော်ပြထားပါတယ်။

ဒီလိုအလုပ်လက်မဲ့နှုန်းတွေ တိုးမြင့်နေတဲ့အထဲမှာ လူငယ် အလုပ်လက်မဲ့တွေလည်း ပါဝင်နေတာမို့ အီတလီဝန်ကြီးချုပ် အန်ရီကိုလက်တာကတော့ လာမယ့်နွေရာသီမတိုင်မီ လူငယ်အလုပ်လက်မဲ့ဦးရေ လျှော့ချရေးအတွက် အစီအစဉ် ရေးဆွဲနေပြီဖြစ်ပါတယ်။

အဲဒီအစီအစဉ်တွေကို အီတလီနိုင်ငံ ရောမမြို့မှာ ဥရောပကောင်စီဥက္ကဋ္ဌ ဟာမန်ဗင်ရွမ်ပွိုင်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး အခုဇွန်လအတွင်းမှာ ပြုလုပ်မယ့် ဥရောပကောင်စီ အစည်းအဝေးမှာ တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ အီတလီနိုင်ငံမှာ လူငယ်အလုပ်လက်မဲ့ဦးရေဟာ ၂၀၁၃ ခုနှစ် ပထမလေးလတာ ကာလအတွင်းမှာ ၄၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့တယ်လို့ အီတလီအမျိုးသားစာရင်းအင်းသိပ္ပံက ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဥရောပမှာ လူငယ် ခုနစ်သန်းကျော်ဟာ အလုပ်လက်မဲ့ဖြစ်နေပြီး အဲဒီလူငယ်တွေဟာ ပညာရေးနဲ့ လေ့ကျင့်သင်တန်းပေးမှုတွေလည်း မရှိကြတာမို့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးရာတွေမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်လို့ ဥရောပကောင်စီဥက္ကဋ္ဌက ဆိုနေပါတယ်။ ဒါကြောင့် ဥရောပမှာ အလုပ်လက်မဲ့နှုန်းလျှော့ကျအောင် ဘယ်လိုစီစဉ်ဆောင်ရွက်သွားမယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# စတ်အား ၂၀ ကီလိုဝပ်ထုတ်ပေးနိုင်သည့် ရေပေါ်လေတာဘိုင် စတင်စမ်းသပ်

**အာကာဟိန်း ရေးသည်**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းကမ်းလွန်တွင် ရေပေါ်လေတာဘိုင် ရှေ့ပြေးပုံစံတစ်ခုကို မေ ၃၁ ရက်က ပထမဆုံးအကြိမ် စတင်ရေချခဲ့ကြောင်း ဇွန် ၁ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ ရေပေါ်လေတာဘိုင်ကို ဗိုလ်တန်ယူအက်စ်ဟု အမည်ပေးထားပြီး အမြင့် ၆၅ ပေရှိသည်။ ၎င်းတာဘိုင်မှ စတ်အား ၂၀ ကီလိုဝပ်ထုတ်လုပ်ပေးနိုင်ပြီး နေအိမ်လေးလုံးကို လျှပ်စစ်စတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်သည်။

ယင်းတာဘိုင်ကို အမေရိကန် မိန်းတက္ကသိုလ်မှ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယင်းတာဘိုင်များ ထုတ်လုပ်ရန် ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်း ရရှိထားသည်။ အဆိုပါ တက္ကသိုလ်နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့များက ရရှိထားသော ငွေကြေးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သယံဇာတများ၊ ရေနက်ပိုင်းရှိ သဘာဝစွမ်းအင် အရင်းအမြစ်များမှ တာဘိုင်ဖြင့် ထုတ်ယူမည့် နည်းပညာများအတွက် မပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းငွေကြေးများဖြင့် ရေပေါ်တာဘိုင်များ ထုတ်လုပ်ရန်အတွက်ဖြစ်ပြီး ပထမဆုံးအနေဖြင့် မေ ၃၁ ရက်က ယင်းတာဘိုင်ကို ရေချစမ်းသပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရေပေါ်တာဘိုင်ကြောင့် နိုင်ငံ၏ စွမ်းအင်




လိုအပ်မှုနှင့် စီးပွားရေးကို အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကမ်းလွန်ရေပေါ်တာဘိုင် စီမံကိန်းအတွက် ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ကျော် ရင်းနှီးမြှုပ်နှံကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်သွားရန် စီစဉ်လျက်ရှိသည်။

# စိတ်ကျဝေဒနာသည် အမျိုးသမီးများ လေဖြတ်နိုင်ခြေပိုများ

သက်လတ်ပိုင်းအမျိုးသမီးများအတွက် အလွန်အရေးကြီးသော ကျန်းမာရေးသတိပေးချက်ကို သုတေသနပညာရှင်တစ်စုက ဖော်ပြရာတွင် စိတ်ကျဝေဒနာရှိနေသူများတွင် လေဖြတ်ခြင်းဖြစ်ပွားရန် အန္တရာယ်ဘေး နှစ်ဆခန့်ရှိသည်ဟု ဆိုသည်။

ဩစတြေးလျတွင် သက်လတ်ပိုင်း အသက် ၄၇ နှစ်နှင့် ၅၂ နှစ်ကြား အမျိုးသမီး ၁၀၀၀၀၀ကျော်ကို သုတေသနပြုပြီး ယခုကဲ့သို့ တွေ့ရှိဖော်ထုတ်ခြင်းဖြစ်သည်။



**မောင်သံဆင့်-ရေးသည်**

အဆိုပါအမျိုးသမီးများသည် ၁၉၉၈ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း သုံးနှစ်လျှင်တစ်ကြိမ်ကျ ၎င်းတို့၏ ကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ဆေးဝါးစောင့်ရှောက်ခံယူမှု၊ ဘဝနေထိုင်မှုပုံစံစသည်တို့ကို အကဲဖြတ်မေးခွန်းများ ဖြေကြား စစ်တမ်းပေးခဲ့သည်။

ထိုသုတေသနပြုချက်တွင် ပါဝင်သူအမျိုးသမီးများ၏ ၂၄ရာခိုင်နှုန်းမှာ စိတ်ဓာတ်ကျဆင်းမှုရောဂါကြုံတွေ့ရသော ဝေဒနာသည်များဖြစ်ခဲ့ပြီး ယင်းတို့တွင် ၁၇၇ဦးသည် ပထမဦးဆုံး လေဖြတ်ခြင်းဝေဒနာခံစား ကြုံတွေ့ကြကြောင်း သုတေသနကာလအတွင်းမှာပင် တွေ့ရှိခဲ့သည်။

ယခုသုတေသနအဖွဲ့၏ လက်တွေ့သုတေသနပြုချက်တွင် ဆေးလိပ်သောက်ခြင်း၊ ဆီးချိုရှိခြင်း၊ နှလုံးရောဂါခံစားရခြင်းနှင့် အဝလွန်ခြင်းစသည့် ကျန်းမာရေးဆိုးကျိုးများကို ထည့်သွင်းသုတေသနပြုခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းမှုနှင့် လေဖြတ်ခြင်းတို့၏ ဆက်စပ်မှုကိုသာ ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။သုတေသနပြုချက်အရ စိတ်ကျဝေဒနာမရှိသူ အမျိုးသမီးများထက် စိတ်ကျဝေဒနာရှိသူ အမျိုးသမီးများသည် လေဖြတ်နိုင်ခြေ ၁ ဒသမ ၉ ဆ ပိုမိုရှိနေကြောင်း ဆိုသည်။

## နိုင်ငံတကာသတင်း

### ရုရှားနိုင်ငံတစ်ဝန်း ဆေးလိပ်ပိတ်ပင်

ရုရှားနိုင်ငံတစ်ဝန်း အများပြည်သူများနှင့် သက်ဆိုင်သောနေရာများတွင် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူကာ ဆေးလိပ်ပိတ်ပင်သည့် ဥပဒေတစ်ရပ် ဇွန် ၁ရက်မှ စတင်ကာ အကျိုးသက်ရောက်ပြီဖြစ်ကြောင်း မေ ၃၁ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ရုရှားနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းကို လုပ်ငန်းခွင်နေရာများ၊ ဘတ်စ်ကားများ၊ ဘူတာများနှင့်လေဆိပ်များတွင် ပိတ်ပင်သွားမည်ဟု ဆိုသည်။ ၂၀၁၄ခုနှစ်တွင် ယင်းဥပဒေဖြင့် စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ သင်္ဘောနှင့်ရထားများပေါ်တွင် ဆက်လက်ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။ ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှု အများဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းက ဆေးလိပ်သောက်ကြသည်ဟု ဆိုကြသည်။ လွန်ခဲ့သည့် ဖေဖော်ဝါရီလက ယင်းဥပဒေကို သမ္မတပူတင် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။ ယင်းဆေးလိပ်ပိတ်ပင်ရေးဥပဒေသည် ပြည်သူများ၏ ကျန်းမာရေးတိုးတက်ရေး၊ လူ့သက်တမ်းမြင့်တင်ရေးနှင့်စီးပွားရေးတိုးတက်မှုမြင့်တင်ရေး၏ အစိတ်အပိုင်းလည်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်က ဆေးလိပ်နှင့် ဆက်စပ်သော ရောဂါများကြောင့် ရုရှားနိုင်ငံသား ၄၀၀၀၀၀နီးပါး သေဆုံးခဲ့သည်ဟု ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ်က ပြောကြားခဲ့သည်။

• • • • • • • • • •

### တရုတ်အား ဆိုက်ဘာကျူးကျော်သူဟု အမေရိကန်စွပ်စွဲ

တရုတ်နိုင်ငံသည် ဆိုက်ဘာကျူးကျော်မှု ပြုလုပ်နေသည်ဟု ဇွန် ၁ ရက်က အမေရိကန်ကာကွယ်ရေးဝန်ကြီးက စွပ်စွဲပြောကြားလိုက်သည်။ တရုတ်အစိုးရနှင့် စစ်တပ်တို့ ဆက်ဆံလျက်ရှိသည်မှာ ဆိုက်ဘာခြိမ်းခြောက်လာမှုအပေါ် စိုးရိမ်မိကြောင်း ချပ်ဟာဂဲလ်က ထပ်လောင်းပြောကြားလိုက်သည်။ တရုတ်အဆင့်မြင့် စစ်ဘက်ကိုယ်စားလှယ်များတက်ရောက်သည့် စင်ကာပူနိုင်ငံ ကွန်ဖရင့်တစ်ရပ်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးက ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ အမေရိကန်နှင့် တရုတ်တို့သည် လွန်ခဲ့သော နှစ်များကတည်းက ဆိုက်ဘာလုံခြုံရေးအပေါ် စစ်နှင့်ပတ်သက်သော အသုံးအနှုန်းများ အပြန်အလှန် စွပ်စွဲပြောဆိုနေကြသည်။ ယခုသီတင်းပတ်စောစောပိုင်းက အမေရိကန်မီဒီယာက တရုတ်ဟက်ကာများအနေဖြင့် အမေရိကန်တို့၏ လျှို့ဝှက်လက်နက် အစီအစဉ်များကို ရယူရန် ကြိုးစားခဲ့သည်ဆိုခြင်းအပေါ် အသေးစိတ်သတင်းထုတ်ပြန်ခဲ့သည်။ တရုတ်တို့က ၎င်းတို့၏ ကွန်ပျူတာကွန်ရက်ကိုသုံးပြီး အမေရိကန် သံတမန်ရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍ သတင်းစုဆောင်းခိုးထုတ်ခဲ့သည်ဟု ယင်းအစီရင်ခံစာက ဖော်ပြထားသည်။

• • • • • • • • • •

### ဆီးရီးယားနိုင်ငံသို့ လက်နက်မပေးရန် အမေရိကန်နှင့်ဂျာမနီက တိုက်တွန်း

ဆီးရီးယားသို့ လက်နက်ဆန်းများ ပေးပို့ခြင်းသည် ပဋိပက္ခကိုရှည်ကြာသွားစေနိုင်သဖြင့် လက်နက်များ ထောက်ပံ့မပေးသင့်ကြောင်း အမေရိကန်နှင့် ဂျာမနီတို့က ရုရှားကို ဖိအားပေးဆော်ဩလိုက်သည်။ ရုရှားလက်နက်များ ဆီးရီးယားသို့ ပေးပို့မှုသည် အကျိုးမဲ့သည့်လုပ်ရပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။ ထိုသို့လက်နက်များပံ့ပိုးမှုသည် ငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်စေနိုင်ကြောင်းလည်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဝက်စတာဝယ်လီကလည်း မော်စကိုအား တိုက်တွန်းသည်။ မေ ၃၁ ရက်နေ့က ဆီးရီးယားနိုင်ငံ ကွာဆာယာမြို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဒါဇင်နှင့်ချီသော အတိုက်အခံတပ်ဖွဲ့ဝင်များသည် မေ ၃၁ ရက်က ကွာဆာယာမြို့တွင် ဟစ်ဇ်ဗိုလာတို့ပါဝင်သော ဆီးရီးယားအစိုးရတပ်များနှင့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

**မြင့်မောင်စိုး - စုစည်းသည်**






ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မြန်မာစကားထဲက ‘ဆ’သံ ပျောက်မသွားအောင်. . .

**မောင်ခင်မင်(ဓနုဖြူ)**

“ဟယ်. . . ဒီကလေးမ ဘယ်လိုပြောလိုက်တာလဲ။”

လွန်ခဲ့သော ၁၀နှစ်ခန့်က ဖြစ်ပါသည်။ တစ်ညတွင် ကျွန်တော်နှင့်အိမ်သားများ ဧည့်ခန်းတွင်ထိုင်ပြီး ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ပြည်တွင်းသတင်းအစီအစဉ်ကို ကြည့်နေကြစဉ် သတင်းကြေညာသော မိန်းကလေး၏ ကြေညာသံတစ်ခုကို ကြားလိုက်ရသည့်အတွက် အထိတ်တလန့်ဖြစ်သွားပြီး အထက်ပါအတိုင်း ပြောလိုက်မိခြင်းဖြစ်သည်။ မိန်းကလေး ကြေညာလိုက်သည့် သတင်းမှာ-

စောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်စောက်ပြီးစီးတဲ့ နောက်ဆုံးတံတားကြီးကတော့. . . ဟူ၍ ဖြစ်ပါသည်။ သူအမှန်တကယ်ပြောသည့် စကားက ‘ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးတဲ့ နောက်ဆုံးတံတားကြီးကတော့’ဟူ၍ ဖြစ်ကြောင်း အများသိပါသည်။ သို့သော် သူအသံထွက်ပုံက ‘ဆောက်လုပ်’ကို ‘စောက်လုပ်’ ‘တည်ဆောက်’ကို ‘တည်စောက်’ဟု အသံထွက်နေသည်။ ‘စောက်လုပ်’ဆိုသော အသံရိုင်းကြီး ရုတ်တရက်နားထဲဝင်လာသည့်အတွက် အထိတ်တလန့်ဖြစ်သွားရခြင်းပါ။

နောက်တစ်နေ့တွင် လုပ်ငန်းခွင်တွင် ထိုအကြောင်းကို မိတ်ဆွေများအား ပြောပြမိသည်။ တစ်ယောက်က “ဟုတ်တယ်ဗျ၊ ညက ကျွန်တော်လည်း အဲဒီ ကြေညာသံကို ကြားလိုက်ပါတယ်။ လူငယ်တော်တော်များများက ‘ဆ’ကို‘စ’လို့ အသံထွက်နေကြတယ်ဗျ။ မနေ့ကပဲ တပည့်မလေးတစ်ယောက်က ကျွန်တော့်ကို ‘စရာ နေကောင်းလား’လို့ နှုတ်ဆက်တယ်။ ကျွန်တော်က ‘သမီးဘာပြောတာလဲ’ လို့ မေးတော့ သူက ‘စရာ့ကို နေကောင်းလားလို့ သမီးက နှုတ်ဆက်တာပါ စရာ’လို့ ပြန်ပြောတယ်ဗျ”ဟု ပြောပြီး ရယ်နေသည်။

အရင်က အမှုမဲ့ အမှတ်မဲ့နေခဲ့သော်လည်း ထိုအချိန်ကစ၍ သတိထားပြီး နားထောင်ကြည့်သောအခါ လူငယ်တော်တော်များများ၏ ပြောစကားများမှာ ‘ဆ’သံပျောက်ပြီး ‘စ’ကို လည်း ‘စ’၊ ‘ဆ’ကိုလည်း ‘စ’ဟု အသံထွက်နေကြသည်ကို ကြားရသည်။ ကျွန်တော်သတိထားမိသလောက် အသက် ၃၀ ဝန်းကျင်အရွယ် လူငယ်အတော်များများ၏ စကားများတွင် ‘ဆ’သံ ပျောက်နေသည်။

တစ်ခါက ဌာနတစ်ခုတွင် နာမည်စာရင်းသွင်းရန် ကောင်တာ၌ တန်းစီနေစဉ် ကျွန်တော့်ရှေ့က မိန်းကလေးကို စာရင်းသွင်းသူက နာမည်မေးသည့်အတွက် မိန်းကလေးက ‘စုမွန်’ ဟု ပြောလိုက်သည်။ ထိုအခါ စာရင်းသွင်းသူက ထပ်မေးသည်။ “ ဘာနဲ့စုသလဲ”တဲ့။ မိန်းကလေးက မဖြေဘဲကြည့်နေသောအခါ စာရင်းသွင်းသူက “စလုံးနဲ့ စုတာလား ဆလိမ်နဲ့ ဆုတာလားကို မေးတာပါ”ဟု စိတ်မရှည်သံဖြင့် ထပ်ပြောသည်။ သူ့ပါးစပ်ထဲမှာ ဆသံပျောက်နေပြီး စနှင့်ဆ အသံချင်းရောထွေးနေသည်ကတော့ သေချာနေပါပြီ။

ပတ်ဝန်းကျင်ကို လေ့လာကြည့်လေလေ ဆသံပျောက်နေသော သာဓကများကို တွေ့ရလေလေဖြစ်သည်။ ဒီကောင်သိပ်စိုးတာပဲ၊ သူ့အမေအဖေတွေက မစုံးမဘူးထင်တယ်” ဆိုသော စကားမျိုးကို ကြားရသောအခါ “သိပ်ဆိုးတာပဲ၊ မဆုံးမဘူး” ဟုဆိုလိုကြောင်း နားလည်လိုက်ရပါသည်။

ဆကို စဟု အသံထွက်လိုက်သောအခါမှ မူလစနှင့် ရောထွေးပြီး အဓိပ္ပာယ်ရှုပ်သွားပုံများလည်း တွေ့ရသည်။ “အဆင့်အတန်းမြင့်သူကို ဆင်ပေါ်ကလူ”ဟု တင်စားပြောဆိုသော်လည်း အသံထွက်က “ စင်ပေါ်က လူ” ဖြစ်နေပါသည်။ ဘယ်အဓိပ္ပာယ်ကို ဆိုလိုပါသလဲ။ မသဲကွဲတော့ပါ။

“စာရွက်ကို စုတ်လိုက်တာ စုတ်သွားရော” ဆိုသောစကားမျိုးကိုလည်း ကြားရတတ်သည်။

အသုံးတွင်နေပြီဖြစ်သော မွေးစားစကားလုံးနှစ်လုံးမှာ ‘စူပါ’နှင့် ‘စီးရီး’ ဖြစ်သည်။ အင်္ဂလိပ်စကား Super နှင့် Series ကို အသံလှယ်ထားသော စကားလုံးများဖြစ်ကြောင်း အများသိပါသည်။ လွန်ခဲ့သော နှစ် ၅၀လောက်အထိ ထိုစကားလုံးများကိုဆူပါ၊ ဆီးရီးဟု အသံထွက်ခဲ့ကြသည်။ အင်္ဂလိပ်စာတတ်သူတိုင်း ထိုသို့ပင်အသံထွက်သည်။ Superman, Superpower ဆိုသော စကားလုံးများကို ဆူပါမင်း၊ ဆူပါပါဝါဟုပင် ‘ဆ’သံဖြင့် ပြောမြဲဖြစ်သည်။ “မင်းက ဆူပါပဲ၊ ဆူတဲ့နေရာတိုင်းမှာ ပါတဲ့ကောင်” ဆိုသော ဟာသစကားပင် ရှိပါသေးသည်။ ထိုစကားများ ဘယ်တုန်းက စူပါ၊ စီးရီးဖြစ်သွားသလဲ မသိပါ။ အပြောမှာ ဤသို့ပြောသည့်အတွက် စာရေးရာမှာလည်း ‘ဆ’ဖြင့် မရေးတော့ပါ။ ‘စ’ ဖြင့်သာ ရေးနေပါသည်။ လမ်းဘေးကကြော်ငြာဆိုင်းဘုတ်ကြီးတွေမှာ ‘စူ’ပါတွေ ‘စီးရီး’တွေဖြစ်နေပါပြီ။ ပြန်ပြင်ဖို့ တော်တော်ခက်ပါလိမ့်မည်။

‘ဆုံတွေ့ကို စုံတွေ့’၊ ‘ဆုံစည်းကို စုံစည်း’၊ ‘ဆွတ်ဆွတ်ဖြူကို စွတ်စွတ်ဖြူ’ ဟုရေးနေကြပါပြီ။ ဂျာနယ်တွေမှာ၊ နိုင်ငံခြားရုပ်ရှင်ကားက မြန်မာစာတန်းတွေမှာ မကြာခဏတွေ့ရသည်။

မြန်မာဗျည်းသံများတွင် က-ခ၊ စ-ဆ၊ တ-ထ၊ ပ-ဖ ဟူ၍ အသံပျော့က အသံတင်းအတွဲများရှိပါသည်။ အသံလေးကို သိထိလ၊ အသံတင်းကို ဓနိတဟု ခေါ်သည်။ က၊စ၊တ၊ပ တို့သည် အသံပျော့ (သိထိလ)ဗျည်းများဖြစ်သည်။ ထိုဗျည်းများကို ‘ဟ’ သံတွဲပြီးဆိုလျှင် ‘ခ၊ဆ၊ထ၊ဖ’ ဟူ၍ အသံတင်း(ဓနိတ)ဗျည်းများဖြစ်လာသည်။ ‘က’နှင့်‘ဟ’ကို တစ်ဆက်တည်းရွတ်ဆိုကြည့်လျှင် ‘ခ’ဟု အသံထွက်သည်။ ထို့အတူ စ၊တ၊ပ တို့ကို ဟသံတွဲပြီးဆိုလျှင် ဆ၊ထ၊ဖ ဟူ၍ ဖြစ်လာကြောင်း လက်တွေ့ရွတ်ဆိုကြည့်နိုင်သည်။ အသံပျော့နှင့် အသံတင်းသည် အသံချင်းကွဲပြားသလို အဓိပ္ပာယ်ချင်းလည်းကွဲပြားသည်။ မြန်မာဗျည်းသံများမှာ အသံပျော့နှင့် အသံတင်းများ အစုံလိုက်ရှိပါလျက် ဆသံပျောက်သွားမည်ဆိုလျှင် စမှာအတွဲမရှိတော့ဘဲ ‘ဘက်ပဲ့’ ကျန်ခဲ့မည်ဖြစ်သည်။ မြန်မာဗျည်း ၃၃လုံးမှာ ၃၂ လုံး ဖြစ်သွားပါလိမ့်မည်။ မြန်မာဗျည်းသံစနစ်ကို ထိခိုက်သည့်အတွက် မလိုလားအပ်သော အခြေအနေဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်ကျော်က သတင်းစာတစ်စောင်တွင် ‘ခေါင်းလောင်းသံညံစဲ’ ဟု ခေါင်းစဉ်တပ်ထားသည်ကိုဖတ်ပြီး ‘ကျောင်းတွေပိတ်သွားသည့် ခေါင်းလောင်းသံတွေ ရပ်စဲသွားတဲ့အကြောင်းရေးတာထင်တယ်’ဟုတွေးမိပြီး ဖတ်ကြည့်လိုက်သောအခါ ကျောင်းတွေပြန်ဖွင့်ပြီး ခေါင်းလောင်းသံ တညံညံဖြစ်နေကြောင်း ရေးထားသည်ကိုတွေ့ရသည်။ ‘ခေါင်းလောင်းသံညံဆဲ’ဟု ရေးလိုရင်းဖြစ်ပါလိမ့်မည်။ ညံနေဆဲဟု ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။ ‘ညံဆဲ’ဟု ရေးရမည်ကို ‘ညံစဲ’ဟု ရေးလိုက်သဖြင့် အဓိပ္ပာယ် ဆန့်ကျင်ဘက်ဖြစ်သွားသည်။

မြန်မာဗျည်းသံများထဲက ‘ဆ’ သံပျောက်မသွားအောင် ‘စ’သံ နောက်က ‘ဟ’သံတွဲပြီး ရွတ်ဆိုလေ့ကျင့်ကြည့်ကြပါဟူ၍ အကြံပေးလိုပါသည်။



## ပခုက္ကူတိုင်းဒေသကြီး၌ ၂၀၁၃-၂၀၁၄ ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

**ပခုက္ကူ ဇွန် ၁**

ပခုက္ကူတိုင်းဒေသကြီး ပခုက္ကူမြို့ မြို့တော်ခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက ပခုက္ကူတိုင်းဒေသကြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ကျောင်းနေအရွယ်ကလေးငယ်များ စာသင်ခန်းအတွင်းသို့ ရောက်ရှိရန် အလွန်အရေးကြီးပါကြောင်း ပညာရေးဌာနတစ်ခုတည်းက ဆောင်ရွက်ရန် မနိုင်ဘဲ အစိုးရနှင့်လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ/ဆရာမများ စေတနာရှင်ပြည်သူများ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူတိုင်းပညာတတ်မှ၊ လူတိုင်းအသိပညာရှိမှ နိုင်ငံဟာပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိပြီး အေးချမ်းသာယာသော နိုင်ငံသစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ပခုက္ကူတိုင်းဒေသကြီးအတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံးအတွက် ကျောင်းနေရေးလှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၂၃၈၃၄၀ သန်းကို လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက လှူဒါန်းကြောင်း သိရသည်။ (၁၈၃)

## ရေရှားပါးပြတ်လပ်မှု ဘေးအန္တရာယ် ကြိုတင်ကာကွယ်

**ပန်းတောင်း ဇွန် ၁**

နွေရာသီ ရေရှားပါးပြတ်လပ်မှုဘေးနှင့်မကြုံတွေ့စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပခုက္ကူတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျီးပင်အုပ်စု သပြေကုန်းကျေးရွာရှိ သောက်သုံးရေကန်ကို မေ ၂၂ ရက်က စတင်၍ ပန်းတောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း အမှတ် (၅)တပ်ခွဲမှ တပ်ခွဲမှူး နေဒူး ဦးဆောင်သော စေတနာလုပ်အားရှင်များ စုပေါင်း၍ ရေကန်တူးဖော်လျက်ရှိသည်။

အဆိုပါ ရေကန်သည် နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ပြီဖြစ်သည့် အလျောက် အနယ်၊ အနှစ်၊ နုန်းမြေများစုပုံကာ အမြင့် သုံးပေကျော်အထိ မြင့်တက်ပြီး ရေသိုလှောင်မှုကို အဟန့်အတားဖြစ်စေသည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကျီးပင်၊ တဲကုန်း၊ ပေပင်၊ ညောင်ပင်၊ ရေကျော်၊ လယ်တီကျေးရွာများနှင့် Jatropha စိုက်ခင်းတို့မှ စေတနာရှင် လုပ်အားရှင်များ စုပေါင်းကာ နေ့စဉ် နံနက် ၇နာရီမှ ၁၀ နာရီခွဲအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ငါးရက်ကြာ ကူညီတူးဖော်မည်ဖြစ်ကြောင်း သိရသည်။ (၁၇၀)

# လမ်း ၃၀ မှတ်တိုင်မှသည် ကုန်စျေးတန်းမှတ်တိုင်ဆီသို့

မေ ၂၁ ရက်က စတင်၍ အနော်ရထာလမ်းမကြီးပေါ်ရှိ လမ်း ၃၀ မှတ်တိုင်၌ လိုင်းကားများ ရပ်ခွင့်မပြုတော့ကြောင်း သိရသည်။

မှတ်တိုင်၌ ယာဉ်များကို လမ်းညွှန်ပေးနေသော ယာဉ်ထိန်းတပ်ကြပ်တစ်ဦးက “ တကယ်တော့ ဒီဝန်းကျင်မှာ ဒီမှတ်တိုင်က ယာဉ်ကြောပိတ်ဆို့မှုအဖြစ်ဆုံးပါပဲ၊ လမ်း ၃၀ မှတ်တိုင်ကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလလောက်ကတည်းက ဖျက်သိမ်းဖို့ စီစဉ်နေတာကို ကြားပါတယ်။ ဒီနေ့မှ စတင်ခဲ့ပါတယ်” ဟု ပြောကြားခဲ့သည်။

လမ်း ၃၀မှတ်တိုင်သည် ရန်ကုန်၏ အဓိကကျသည့် ဆူးလေမီးပွိုင့်အနီး၌ တည်ရှိနေသော မှတ်တိုင်တစ်ခုဖြစ်ပြီး လမ်းအသုံးပြုသူ များပြားလွန်းသည့်အပြင် ကိုယ်ပိုင်ယာဉ်သွားလာမှုများပြားလွန်းကာ ၂၅ လိုင်းမျှသော လိုင်းကားများရပ်နားရာ ဆုံရပ်တစ်ခုလည်းဖြစ်သည်။

ကွင်းဆင်း လေ့လာမှုများအရ အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က လမ်း၃၀မှတ်တိုင်ကို ဖယ်ရှား၍ ကုန်စည်စျေးတန်းမှတ်တိုင်တွင်သာ လိုင်းကားများ အနေဖြင့် ခရီးသည် အတင်အချပြုလုပ်ရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပြီးဖြစ်သည်ဟု သိရသည်။ သို့ပါသော်လည်း အထက်က ဆိုခဲ့သည့်အတိုင်း မေ ၂၅ ရက်အထိ ပြောင်းရွှေ့ ဖယ်ရှားနိုင်ခြင်းမရှိဘဲ ယာဉ်လိုင်းများ ရပ်တန့်နေသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့ခဲ့ရသည်။



မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်ထံသို့ ဆက်သွယ်မေးမြန်းခဲ့ရာ “ဒီလမ်း ၃၀ မှတ်တိုင်က ဆူးလေမီးပွိုင့်နဲ့ အလွန်နီးသလို အရင်ကားအစီးရေနည်းတုန်းက မပြောပလောက်ပေမယ့် အခုဆို ကားအစီးရေတွေများလာတယ်၊ လိုင်းကားတွေကလည်း မှတ်တိုင်မှာ ခရီးသည်အတင်အချပြီးတာနဲ့ ချက်ချင်းမထွက်တဲ့အတွက်လည်းပါတယ်။ ပြီးတော့ မှတ်တိုင်အနီးမှာ ကိုယ်ပိုင်ယာဉ်တွေ၊ တက္ကဆီအငှားကားတွေ ရပ်ထားတဲ့အတွက် လိုင်းကားတွေအနေနဲ့ စနစ်တကျမရပ်နိုင်ဘဲ လမ်းမကြီးပေါ်မှာပဲ ခရီးသည် အတက်အဆင်းလုပ်နေရပါတယ်။ ဒါ့အပြင် လိုင်းကားတွေ ရပ်တန့်နေတဲ့အတွက် လမ်းသွယ်ထဲက ထွက်မယ့်ကားငယ်တွေနဲ့ သဟဇာတမဖြစ်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် မှတ်တိုင်ချင်း ဘာမှမဝေးတဲ့ မှတ်တိုင်နှစ်ခုကို ပေါင်းစပ်လိုက်တာပါ။ အားလုံးကောင်းဖို့ စီစဉ်တာပါ။ ဒါကို ခရီးသွားပြည်သူတွေက သည်းခံနားလည်ပေးစေချင်ပါတယ်”ဟု ရှင်းပြသည်။

**တင်ပြ**

လမ်း ၃၀ မှတ်တိုင်သည် ဆူးလေမီးပွိုင့်နှင့် ရွှေဘုံသာလမ်းဆုံမီးပွိုင့်နှစ်ခုအကြားတွင် တည်ရှိသဖြင့် ဆူးလေမီးပွိုင့်လွှတ်ချိန်သည် လမ်း ၃၀ မှတ်တိုင်၌ လိုင်းကားများရှည်လျားစွာ ရှိနေချိန်နှင့် တိုက်ဆိုင်ပြီး ရွှေဘုံသာလမ်းဆုံ မီးပွိုင့် မီးနီနေချိန်နှင့်တိုးပါက လမ်းကြောကြီး တစ်ခုလုံး ယာဉ်များ အစုံစုံဖြင့် ကျပ်နေကာ မှတ်တိုင်၌ လိုင်းကားပေါ်မှဆင်း၍ တစ်ဖက်ပလက်ဖောင်းသို့ ကူးမည့်သူများ အနေဖြင့် ရပ်တန့်နေသော ကားများအကြား အန္တရာယ်များလှသည်ဖြစ်ရာ လမ်း ၃၀ မှတ်တိုင်ကို ဖျောက်လိုက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ရာတစ်ခု ဧကန်မုချဖြစ်လာနိုင်မည်ဟု ဝေဖန်သုံးသပ်တင်ပြလိုက်ရပါသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူများတွေ့ဆုံ

**လှိုင်ကော် ဇွန် ၁**

ကယားပြည်နယ် ဖရူဆိုမြို့ လွှတ်တော်ကိုယ်စားလှယ်ရုံး၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောဟူးဟူးက အမှာစကား ပြောကြားသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ သိကောင်းစရာများ၊ တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံသားများ၏ အခန်းကဏ္ဍနှင့် တရားဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပြည်သူများ၏ တာဝန်နှင့်ဝတ္တရားအခွင့်အရေး၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အကြောင်းစသည်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးရယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆားရယ်၊ ဦးဆန်းရယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရီးချက်တို့က ဆွေးနွေးပြီး မြို့ပေါ်ငါးရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာပြည်သူ ၁၀၀ခန့် တက်ရောက်ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလနေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

❒ ကျောဖုံးမှ

ဖြေ ။ ။ အခန်း ၁၀ ခန်းကျော်မှာရှိတဲ့ မိုက်ခရိုဖုန်းတွေအတွက် အသံလှိုင်းတွေကောင်းမွန်ဖို့ အရေးကြီးပါတယ်။ ဒါတွေအဆင်ပြေအောင်ဆောင်ရွက်နေပါတယ်။ ဒီဖိုရမ်ကိုတက်ရောက်မယ့် ကမ္ဘာ့ခေါင်းဆောင်တွေကောင်းမွန်စွာ ဆွေးနွေးနိုင်ဖို့ သေသေချာချာ စစ်ဆေးပြင်ဆင်နေပါတယ်။ အခန်းအားလုံးအတွက် အသံစနစ်တွေ ကောင်းမွန်အောင် လုပ်ကိုင်နေပါတယ်။ အခက်အခဲသိပ်မရှိပါဘူး။

**မေး ။ ။ ဖိုရမ်အတွက် ပြင်ဆင်တဲ့နေရာမှာ အသံပိုင်းဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းတွေအတွက် အခက်အခဲတွေရှိပါသလား။**

ဖြေ ။ ။ ဒီဖိုရမ်မှာ အပြန်အလှန် ဆွေးနွေးကြမှာဖြစ်တဲ့အတွက် အရည်အသွေးမြင့်မားတဲ့ မိုက်ခရိုဖုန်းတွေအများကြီး ထည့်သွင်းတပ်ဆင်ရမှာပါ။ အချို့အခက်အခဲတွေကြုံတွေ့ရပေမယ့် ကျွန်မတို့ရဲ့ အတွေ့အကြုံကျွမ်းကျင်မှုတွေနဲ့ ဖြေရှင်းသွားနိုင်ပါတယ်။ ရုပ်မြင်သံကြားအသံလွှင့်ဌာနတွေအတွက်တော့ မိုက်ခရိုဖုန်းတွေ အသုံးပြုတဲ့အခါ အရည်အသွေးမြင့်တဲ့ မိုက်ခရိုဖုန်းတွေဆိုရင် အကောင်းဆုံးပါပဲ။ အကောင်းဆုံးဖြစ်အောင်ကြိုးစားဆောင်ရွက်နေပါတယ်။

**မေး ။ ။ မကြာမီ ကျင်းပမယ့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ဘယ်လိုပုဂ္ဂိုလ်တွေကို ဧည့်ခံကျွေးမွေးဖို့ ပြင်ဆင်နေတယ်ဆိုတာ သိပါရစေ။**



“ဝန်ထမ်းပေါင်း ၁၂၀ ကျော်နဲ့ ချက်ပြုတ်တည်ခင်း ဧည့်ခံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။”

Michel Meca

ဖြေ ။ ။ မကြာခင် ကျင်းပတော့မယ့် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်လာကြမယ့် နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်တွေ၊ ဝန်ကြီးချုပ်တွေနဲ့ အခြားအရေးကြီးပုဂ္ဂိုလ်တွေအတွက် ချက်ပြုတ်ဧည့်ခံကျွေးမွေးရေးဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**မေး ။ ။ ချက်ပြုတ်ဧည့်ခံကျွေးမွေးရေးအတွက် ဝန်ထမ်းဦးရေ ဘယ်လောက်ပါဝင်လာသလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ ။ ။ စုစုပေါင်း ဝန်ထမ်း ၁၂၀ ကျော် ပါဝင်လာပါတယ်။ သူတို့ကို အုပ်စုနှစ်စုခွဲထားပါတယ်။ ဝန်ထမ်း ၆၀ ကျော်က ချက်ပြုတ်ရေးအတွက်ဖြစ်ပြီး ကျန် ၆၀ ကျော်က ဧည့်သည်တွေကို ဧည့်ခံကျွေးမွေးရေးအတွက် စားပွဲထိုးအဖြစ် ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ သန့်ရှင်းပြီး အရသာထူးကဲတဲ့ ဘူဖေးစားသောက်ဖွယ်ရာတွေနဲ့ ချက်ပြုတ်တည်ခင်းဧည့်ခံသွားမှာဖြစ်ပါတယ် ဟုဖြေကြားသွားသည်။ ။



(၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပမည့် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာ ကွန်ဗင်းရှင်း စင်တာခန်းမအတွင်း အခမ်းအနား ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို ဤသို့ တွေ့ရသည်။

ထို့နောက် (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပမည့် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာ့ကွန်ဗင်းရှင်းစင်တာ အဆောက်အအုံအတွင်း ဧည့်ခံကျွေးမွေးရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် Michel Meca (chief chef of Kandawgyi Hotel)အား တွေ့ဆုံမေးမြန်းခဲ့သည်။







# ရန်ကုန်မြစ်အတွင်းရှိ လှေသမ္ဗန်များတွင် အသက်ကယ်အင်္ကျီများထားရှိမှုကို မကြာခဏစစ်ဆေး

**ရန်ကုန် ဇွန် ၁**

မုတ်သုံရာသီသို့ စတင်ဝင်ရောက်လာပြီဖြစ်သဖြင့် ရန်ကုန်မြစ်အတွင်း၌ ခုတ်မောင်းပြေးဆွဲနေသော လှေသမ္ဗန်များကို သက်ဆိုင်ရာမှနေ၍ ရာသီဥတုဆိုင်ရာ သတိပေးကြေညာထားခြင်းများ ပြုလုပ်ထားသလို လှေကြွခိုင်မှု၊ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတို့နှင့် ပတ်သက်၍လည်း ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ထို့အပြင် လှေသမ္ဗန်များအကြောင်းအမျိုးမျိုးကြောင့် တိမ်းမှောက်မှုများကိုလည်း ရံဖန်ရံခါကြားနေရသဖြင့် အရေးကြုံလာလျှင် လှေစီးခရီးသည်များ၏ အသက်ကိုကယ်ဆယ်နိုင်ရန် လှေသမ္ဗန်များတွင် အသက်ကယ်အင်္ကျီများထားရှိမှု အခြေအနေတို့ကိုလည်း မကြာခဏဆိုသလို စစ်ဆေးမှုများ ပြုလုပ်ပြီး အသက်ကယ်အင်္ကျီများ ရိန္ဓမ်းခြင်း၊ စုတ်ပြဲခြင်းများရှိပါက အရေးယူဆောင်ရွက်ခြင်း၊ အသစ်လဲခိုင်းခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းများကို မော်တော်ယာဉ် ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့၊ မြို့နယ်ကြီးကြပ်ရေးမှူးရုံးနှင့် လှေသမ္ဗန်ဆိပ်ကမ်း ၁၀ ခုတို့၏ ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မိုးယံ)

# ကယားပြည်နယ်အတွင်း လမ်းတံတားများပြုပြင်ဆောင်ရွက်

**လွိုင်ကော် ဇွန် ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေချိန်၌ ခွဲဝေချထားပေးသည့် ဘဏ္ဍာငွေများဖြင့် ပြည်နယ်အတွင်း လမ်း၊ တံတားများကို ပြုပြင်ဆောင်ရွက်ရာတွင် အပြည့်အဝအသုံးပြုပြီး ကောင်းမွန်ခိုင်မာအောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြုပြင်ဆောင်ရွက်မှုအပိုင်းမှာလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြစေလိုကြောင်း မေ ၂၈ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အတွင်းလမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်နေမှု ရှင်းလင်းဆွေးနွေးပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဖြူက ပြည်နယ်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှက လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ အထူးစီမံကိန်းကြီးအဖွဲ့(၄)အင်ဂျင်နီယာမှူး ဦးအောင်သီဟက သံလွင်မြစ်ကူးတံတား (ဖားဆောင်း)နှင့် ပွန်ချောင်းတံတား (ဘော်လခဲ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ကျောင်းဖွင့်ချိန်

* ဂျိုးဂျိုးဂျိမ့်ဂျိမ့်၊
သိမ့်သိမ့်တုန်တုန်၊မိုးပဇ္ဇုန်လည်း
မုတ်သုံလေနှင့် လျှပ်ရောင်ဖွင့်၍
မိုးပွင့်လေးတွေ ခြွေပါကော။

* တောစိမ်းတောင်စိမ်း၊
မြစိမ်းကမ္ဗလာ၊ မြေပြင်လွှာနှင့်
လယ်ယာရေဖွေး၊ လေနုအေးနှင့်
ချိုတေးသံသာ လွင်ပါကော။

* မြေနုံ့သင်းသင်း၊
ပန်းခင်းဖုံဖုံ၊ ဖူးပွင့်စုံ၍
မွှေးထုံသင်းပျံ့၊ နယ်အနှံ့ပင်
ဖြန့်ဝေအချိန်ကောင်းပါကော။

* သည်ချိန်ခါဝယ်၊
နေသာတစ်လှည့်၊ မိုးတစ်လှည့်နှင့်
တို့ရဲ့ဝန်းကျင်၊လှဂုဏ်အင်နှင့်
တူယှဉ်လိုက်ဖက်နေပါကော။

* သြော် ကျောင်းသူ ကျောင်းသား၊
အားမာန်ပါပါ၊ ညီညာအပြုံး
ရာနှုန်းပြည့်ဝ၊ တိမ်စဉ်လသို့
တကွလျှောက်လှမ်း၊ ကျောင်းတော်လမ်းဝယ်
လှပန်းဖူးပွင့်၊ ကျောင်းဂုဏ်တင့်သို့
ကျောင်းဖွင့်အချိန်၊ အလင်းအိမ်လည်း
ထိန်ထိန်သာလှ နေမြဲကို။ ။

ဖိုလေးလုံးသောင်းကိုကို

## ကြည့်ရှုအားပေး

ဇွန် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်း၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၃) ဦးညီညီနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း၊ ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းများကို ပြည်သူလူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကြမှုအား ကြည့်ရှုအားပေးစဉ်။ (၀၄၄)



မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ချင်းတွင်းမြစ်ရေများ တိုးလာခြင်းကြောင့် ကုန်တင်အမြန်ယာဉ်များ ကုန်စည်စီးဆင်းမှု မြန်ဆန်လာ

**မုံရွာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော သလ္လာဝတီ(ခ) ချင်းတွင်းမြစ်သည် နှစ်စဉ်နွေရာသီသို့ရောက်တိုင်း မြစ်ရေနည်းပါးခြင်းကြောင့် အထက်ချင်းတွင်းဒေသများသို့ သွားလာရေး၊ ကုန်စည်စီးဆင်းရေးတို့ နှောင့်နှေးခဲ့ရသည်။ ယခုနှစ်တွင် ပြီးခဲ့သော ရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သော မဟာစင်ဆိုင်ကလုန်းမုန်တိုင်း အကျိုးသက်ရောက်မှုကြောင့် ချင်းတွင်းအထက်ပိုင်းတွင် မိုးရွာသွန်းမှုများခဲ့ပြီး ချင်းတွင်းမြစ်ရေများ တိုးလာမှုကြောင့် ခရီးသည်တင်၊ ကုန်တင်အမြန်ရေယာဉ်များ ကုန်စည်စီးဆင်းမှုများ ပြန်လည်အသက်ဝင်လာပြီဖြစ်သည်။ **(အောက်ယာပုံ)**

**ပြောကြား**

ကုန်စည်စီးဆင်းမှုနှင့် ပတ်သက်ပြီး ရွှေချမ်းမြေ့ ကုန်တင်အမြန်ရေယာဉ်မှ ကိုမင်းမင်းက "နွေရာသီဆို မုံရွာမှ ဟုမ္မလင်းသို့ ၁၀ ရက်မှ ၁၅ ရက်ခန့်ကြာကြောင်း၊ မိုးရာသီတွင်တော့ ငါးရက်၊ ခြောက်ရက်ခန့်သာကြာကြောင်း၊ မုံရွာမြို့မှ ဒီဇယ်၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို သယ်ယူပို့ဆောင်ပေးရကြောင်း၊ အစုန်ကုန်စည်အနေနှင့် နွေရာသီတွင် ဒေသထွက်ပဲမျိုးစုံ၊ ဆန်တို့ကို သယ်ယူရသော်လည်း မိုးရာသီတွင် ခါလီပြန် ဆင်းရကြောင်း" ဟု ပြောကြားချက်အရ သိရသည်။



ထို့အပြင် ပြီးခဲ့သည့်နှစ်က မြစ်ရေတိုးမှုနောက်ကျခဲ့သော်လည်း ယခုနှစ်တွင် အနည်းငယ်စောသဖြင့် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုထွက်ပေါ်လာသဖြင့် ကျေနပ်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး ပြန်/ဆက်**

# မူကြိုအဆင့်ပြီးမြောက်ကြောင်း အသိအမှတ်ပြုခြင်းနှင့် ကျောင်းဆောင်အလှူရှင်အား ဂုဏ်ပြု

**မိတ္ထီလာ ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ကံသာကျေးရွာအုပ်စု ကျွန်းဖိုပင်ကျေးရွာတွင် ကလေးပြုစုပျိုးထောင်ရေး ( ECCD) ဌာနမှ မူကြိုအဆင့်ပြီးမြောက်ခြင်း အသိအမှတ်ပြုခြင်းနှင့် ကျောင်းဆောင်ပြုပြင်တည်ဆောက်ပေးသည့် အလှူရှင်အား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ အမှတ် ၆၃ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

"ရွာမှာ Save the Children အဖွဲ့ရဲ့ကူညီပံ့ပိုးမှုနဲ့ ကလေးပြုစုပျိုးထောင်ရေး (ECCD) အသိအမှတ်ပြု မူကြိုဖွင့်လှစ်ပြီး ဒေသခံကလေးတွေကို အသိအလိမ္မာတိုးပွားရေးနဲ့ စာတတ်မြောက်ရေး အခြေခံပညာရပ်များကို အဓိကထားသင်ကြားပေးတဲ့ မူကြိုဖွင့်လှစ်ထားပါတယ်။ အခုအသက် ငါးနှစ်ပြည့်ပြီး မူကြိုအဆင့်တက်ရောက်ပြီးစီးသွားတဲ့ ကလေးငယ် ၂၅ ဦးကို ပြီးမြောက်ကြောင်း အသိအမှတ်ပြုပေးတဲ့သဘော အခမ်းအနားလုပ်တာပါ။ ပြီးတော့ ကျွန်တော့်ရွာမူလတန်းကျောင်း စာသင်ကျောင်းဆောင်က အရင်ကထရံကာ၊ သွပ်မိုးအဆောက်အအုံပါ။ အဲဒီအဆောက်အအုံက ပျက်စီးယိုယွင်းနေတော့ ပညာသင်ကြားပေးရတဲ့ ဆရာ ဆရာမတွေနဲ့ ပညာသင်ယူတဲ့ ကျောင်းသားကျောင်းသူတွေ နေရာအခက်အခဲဖြစ်နေခဲ့ပါတယ်။ အဲဒါကို ပြုပြင်တည်ဆောက်ဖို့ ကျောင်းအုပ်ဆရာမကြီးနဲ့ ရပ်မိရပ်ဖတွေတိုင်ပင်ပြီး အများကောင်းမှုပြုပြင် တည်ဆောက်မယ့်အချိန်မှာ မိတ္ထီလာစီးပွားရေးတက္ကသိုလ်က ပါမောက္ခချုပ်ဒေါက်တာတင်ဝင်းက မတည်ငွေကျပ် ၃၅ သိန်းလှူဒါန်းတယ်။ ပြီးတော့ ရပ်ရွာဒေသခံအလှူရှင်တွေကလည်း ဝိုင်းဝန်းလှူဒါန်းကြတော့ အခုသွပ်မိုး၊ အုတ်ကာအလျား ပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ၊ ကျောင်းဆောင်သစ်ကြီးထဲမှာ ဆရာဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေ စိတ်ချမ်းမြေ့စွာနဲ့ ပညာသင်ကြားသင်ယူနိုင်ကြပြီမို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ရော ဒေသခံတစ်ဦးအနေနဲ့ပါ ဝမ်းသာမိပါတယ်"ဟု ကံသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးက ပြောကြားသည်။

**ပေးအပ်**

ယင်းအခမ်းအနားတွင် စာသင်ကျောင်းပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ပင်မလှူဒါန်းငွေကျပ် ၃၅ သိန်းလှူဒါန်းသည့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒေသခံကလေးငယ် ၂၅ ဦးအား မူကြိုအဆင့်အသိအမှတ်ပြု မှတ်တမ်းလွှာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

(၄၃၅)

# English Access Micro Scholarship Program ညောင်ဦး၌ သင်တန်းဖွင့်

**ညောင်ဦး ဇွန် ၁**

ညောင်ဦးခရိုင် ပုဂံမြို့ဟောင်း ဝါးကျောင်းဘုန်းတော်ကြီးကျောင်း၌ အမေရိကန်သံရုံးက ဦးဆောင်ဖွင့်လှစ်သည့် English Access Micro Scholarship Program Summer Camp (Bagan) သင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်း၌ အသက် ၁၃နှစ်နှင့်၁၉နှစ်အကြား ကျောင်းသားလူငယ်များကို သင်ကြားပေးနေပြီးသင်တန်းသားဦးရေ၄၀လက်ခံကာ လျှောက်ထားချိန်တွင် လူဦးရေ ၂၀၀ နီးပါးခန့် ရှိနေသောကြောင့် ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူးဖြေဆိုခြင်းများဖြင့် စိစစ်ရွေးချယ်၍ အောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပေးခဲ့ကြောင်း သိရသည်။

"ဒီသင်တန်းတွေကို ဖွင့်လှစ်ခဲ့တာ ၂၀၀၇ ခုနှစ် ကတည်းကပါ။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနဲ့လားရှိုးတို့မှာ ဖွင့်လှစ်ပြီးခဲ့ပါပြီ။ ဒီပရိုဂရမ်က နှစ်နှစ်ပရိုဂရမ်ဖြစ်တဲ့အတွက်ကြောင့် ဒုတိယနှစ်သင်တန်းတွေအနေနဲ့ စစ်ကိုင်းနဲ့ ဟိုပုန်းတို့မှာ ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ အခုပုဂံကို Summer Camp အနေနဲ့လာခဲ့တာပါ။ မြင်တွေ့နေရတဲ့ ကျောင်းသားလေးတွေကတော့ ပဲခူး၊ ပြင်ဦးလွင်နဲ့ ညောင်ဦး(ပုဂံ)က ပထမနှစ်ကလေးတွေဖြစ်ပါတယ်။မြို့သုံးမြို့ကဆိုတော့ စုစုပေါင်းကျောင်းသားဦးရေ ၁၂၀ ရှိပါတယ်" ဟု အဆိုပါသင်တန်းတာဝန်ရှိသူ မသူဇာသွင်က ရှင်းပြသည်။

သင်တန်းတက်ရောက်ခွင့်ရသူ ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာကျောင်းပညာရေးတွင် ထူးချွန်သူများဖြစ်ကြပြီး အင်္ဂလိပ်စာကို လိုလိုလားလားသင်ယူတတ်မြောက်ချင်သူများဖြစ်ကြောင်း၊ အနာဂတ်ရည်မှန်းချက်ကြီးမားသူများကို ရွေးချယ်သင်ကြားထားခြင်းဖြစ်ကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် သင်တန်းတက်ရောက်ပြီးသော ကျောင်းသား ကျောင်းသူများသည် အင်္ဂလိပ်စာအခြေခံကိုပိုင်နိုင်ကျွမ်းကျင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပြီး သက်ဆိုင်ရာလုပ်ငန်းခွင်တွင် တိုးတက်အောင်မြင်သူများဖြစ်လာစေရန် ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**





# ရွှေကျင်သာသနာပိုင်သက်တော်ရှည်ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၁**

ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက စုဒ္ဒသမရွှေကျင်သာသနာပိုင်သက်တော်ရှည် ဝါဆိုကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအစ္ဆိယ၏ သက်တော် ၉၆ နှစ်ပြည့်ပြီး ၉၇ နှစ်ရောက် မွေးနေ့ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မေ ၃၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် အောင်မြေသာစည်အလယ်တိုက်ကြီး အပေါ်ထပ်ခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ရွှေကျင်သာသနာပိုင်သက်တော်ရှည် ဝါဆိုကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအစ္ဆိယထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြ၍ အဝေရာ ရာမရန်ကင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဒါတသိရီဘိဝံသကစုဒ္ဒသမ ရွှေကျင်သာသနာပိုင် သက်တော်ရှည်ဆရာတော်ကြီး မွေးနေ့ပူဇော်ပွဲမင်္ဂလာနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

**ဖတ်ကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးရာ လျှောက်လွှာကိုလျှောက်ထားပြီး မုံရွာမြို့ သဒ္ဓမ္မဇောတိက သုဗောဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ တိပိဋကကောဝိဒ အရှင်အဘိဇာတာဘိဝံသက ကိုယ်တိုင်ရေးစပ် ပူဇော်အပ်သော ထုသိဝေဒလ္လဂါထာများကို ဖတ်ကြား ပူဇော်သည်။

**ပေးအပ်**

ယင်းနောက် ရွှေကျင်သာသနာပိုင်သက်တော်ရှည် ဆရာတော်ကြီးထံသို့ အဝေရာ ရာမရန်ကင်းဆရာတော်က ကြာသက်န်းဆက်ကပ်လှူဒါန်းပြီး အလှူရှင် ဦးခင်မောင်အေး-ဒေါက်တာဖြူဖြူဆွေ(ဝိန့်စိန့်မိသားစု)တို့က လင်ခရူဇာမော်တော်ယာဉ်နှင့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူကာ မော်တော်ယာဉ်အလှူ အနုမောဒနာ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအဖွဲ့မှ လှူဒါန်းသော အလှူတော်ငွေကျပ်သုံးသိန်းနှင့် အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူကြသည်။

**လှူဒါန်း**

ယင်းနောက် သက်တော်ရှည်ဝါဆိုဆရာတော်ကြီးနှင့် ပင့်သံဃာ အရှင်သူမြတ်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဩဝါဒကထာကို ပရိသတ်အပေါင်းတို့က နာယူကြည်ညိုကြပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ကျော်ဦး**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**ကလေး ဇွန် ၁**

ကလေးခရိုင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုရဲမှူးကြီး ဇော်နိုင်ထွန်း၏ ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့(၁၆)ကြိမ်မြောက် အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကလေးမြို့ အထက(၁)နှင့် KMD (2) တို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**လဝန်းချို**





## အရာတော်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**အရာတော် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၃- ၂၀၁၄ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာနက အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးက နောင်ကြီးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးကလည်းကောင်း၊ အလှူရှင်များဖြစ်သော ဦးတင်ထွန်းနှင့်ဇနီးတို့မှ ကျောင်းဝတ်စုံများကို မြို့နယ်အတွင်းရှိ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းမှ ချို့တဲ့ကျောင်းသား ကျောင်းသူလေးများအတွက် ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်ကလည်းကောင်း၊ အလှူရှင် ဒေါ်အေးအေးမြင့်(ခိုင်စတိုးဆိုင်)မှ ရွာသစ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အဌမတန်းကျောင်းသူ မလှမွန်ဖြိုးအတွက် တစ်နှစ်စာပညာသင်စရိတ် ငွေကျပ် ၅၀၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မုဒုံ၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

**မုဒုံ ဇွန် ၁**

မုဒုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉နာရီက မုဒုံမြို့ အထက(၁)၌ကျင်းပရာ ကျောင်းနေရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ၊ ဘဏ္ဍာ) ဦးမင်းထွန်းတင်က အမှာစကားပြောကြားသည်။ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ကျောင်းသုံးပုံနှိပ် ၁၈၁၉၈စုံ၊ တန်ဖိုးငွေကျပ် ၁၃၈ သိန်း၊ ဗလာစာအုပ်ဒါဇင် ၉၅၀၀တန်ဖိုးငွေကျပ် သိန်း ၁၉၀နှင့် ပညာသင်ထောက်ပံ့ကြေးငွေ ၁၈၉ သိန်းနှင့် စေတနာရှင်မိဘပြည်သူများက အဆောက်အအုံ၊ ပရိဘောဂနှင့် စာရေးကိရိယာအတွက် လှူဒါန်း ငွေကျပ် ၂၅၄ သိန်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၁၀၈)**

## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**မုံရွာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက် ၈နာရီက အခြေခံပညာအထက်တန်းကျောင်းရှိ တေဇဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များကို တာဝန်ရှိသူများကထောက်ပံ့ခဲ့သည်။

အလားတူ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယင်းမာပင်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း (၁)၊(၂)နှင့် ရွာသာစံပြကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)များတွင်လည်း ကျင်းပခဲ့သည်။ ယင်းမာပင် မြို့နယ်အတွင်း ပညာရေးကဏ္ဍအတွက် ပြီးခဲ့သော ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် နိုင်ငံတော်က ငွေကျပ် ၁၂၂၁၆ သိန်းကျော် သုံးစွဲ ခွင့်ပြုခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**



# ဆွာရက်ဇ် လီဗာပူးမှာ ဆက်ရှိမလား

ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့အပြင် ဘိုင်ယန်မြူးနစ်ကလည်း ငွေထုပ်ပိုက်ပြီး ဝယ်ယူဖို့ကြိုးစားနေတဲ့ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကို ထုတ်ရောင်းမှာမဟုတ်ဘူးလို့ လီဗာပူးကလပ်က ပြတ်ပြတ်သားသား ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါတယ်။



အသက် ၂၆ နှစ်အရွယ်ရှိတဲ့ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကတော့ အသင်းကနေထွက်ခွာနေချင်တဲ့ဆန္ဒပြင်းပြနေတယ်လို့ သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါ ထုတ်ဖော်ပြောလေ့ရှိပါတယ်။ ဒီလိုစကားတွေကြောင့် ရီးရဲမက်ဒရစ်က ဆွာရက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ပေးပြီး ခေါ်ယူဖို့ စီစဉ်နေခဲ့တာဖြစ်ပါတယ်။

လီဗာပူးကတော့ ဆွာရက်ဇ်လို တိုက်စစ်မှူးမျိုး ရရှိဖို့မလွယ်တာမို့ အသင်းအောင်မြင်မှုရရှိရေးအတွက် ရောင်းချမှာမဟုတ်ဘူးလို့ ဆိုနေတာပဲဖြစ်ပါတယ်။ ဆွာရက်ဇ်ဟာ လီဗာပူးအသင်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ အိုင်းယက်အသင်းကနေပြီး ပြောင်းရွှေ့ကြေး ပေါင် ၂၂ ဒသမ ၈ သန်းနဲ့ ရောက်ရှိလာသူဖြစ်ပါတယ်။ ဆွာရက်ဇ်ဟာ ၂၀၀၅-၂၀၀၆ နာစီရိုနယ်အသင်းမှာ စတင်ကစားခဲ့ပြီး ၂၇ ပွဲကစားခဲ့ကာ ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ မှာတော့ ဂရိုနင်ဂန်အသင်းမှာ ၂၉ ပွဲကစားပြီး ၁၀ ဂိုးသွင်းယူနိုင်ခဲ့သလို ၂၀၀၇-၂၀၁၁ ခုနှစ်အထိ အိုင်းယက်အသင်းမှာ ပွဲ ၁၁၀ ကစားခဲ့ပြီး ၃၈ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

လီဗာပူးအသင်းအတွက် ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဂိုးပေါင်း ၃၀ အထိ သွင်းယူပေးနိုင်ခဲ့ပြီး ပွဲရလဒ်တွေကောင်းအောင် ကြိုးစားပေးနိုင်ခဲ့သူ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။ လီဗာပူးအတွက် အဓိက တိုက်စစ်မှူးအဖြစ် ရှေ့တန်းမှာ ရဲရဲဝံ့ဝံ့ ထိုးဖောက်တိုက်စစ်ဆင်ကစားပေးနေတဲ့ ဆွာရက်ဇ်က မီမီဟာ လီဗာပူးမှာ စိတ်ပျော်ရွှင်မှုမရှိဘူးလို့ စကိုင်းစပို့စ်ရုပ်မြင်သံကြားနဲ့ တွေ့ဆုံတဲ့အခါ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် မိမိအသင်းပြောင်းရွှေ့ချင်တာဟာ ငွေကြေးကြောင့် မဟုတ်ဘူးလို့လည်း ဆက်လက်ပြောကြားနေပါတယ်။ နောက်ပြီး မိမိဟာ အင်္ဂလန်မှာ နေထိုင်ရတာ အသားမကျဘဲဖြစ်နေသလို ပြောဆိုဆက်ဆံရာမှာလည်း အဆင်မပြေဘူးလို့ ဆိုပါတယ်။

ဒါ့အပြင် မိမိဟာ မိသားစုနဲ့ ပန်းခြံတွေ၊ စူပါမားကတ်တွေသွားရင်လည်း ပါပါရာဇီသတင်းသမားတွေက တကောက်ကောက်လိုက်နေတတ်တာမို့ မလွတ်လပ်ဘူးလို့လည်း ဆိုပါတယ်။

ဆွာရက်ဇ်ဟာ အခြားတိုက်စစ်မှူးတွေနဲ့ မတူတဲ့စိတ်ခံစားမှုရှိတဲ့သူတစ်ဦးဖြစ်ပါတယ်။ ၂၀၁၁ခုနှစ် ဒီဇင်ဘာလမှာ မန်ယူနောက်ခံလူ အီဗရာကို လူမျိုးရေးခွဲခြားတဲ့ အပြုအမူကြောင့် ရှစ်ပွဲဆိုင်းငံ့ပြစ်ဒဏ်နဲ့ ဒဏ်ငွေ ပေါင် ၄၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရပါတယ်။

ဒါ့အပြင် ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလမှာလည်း အိုးထရက်ဖို့ဒ်ကွင်းမှာ အီဗရာနဲ့ လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းဆိုခဲ့တဲ့အပြင် စတုတ်နည်းပြ တိုနီပူလစ်၊ ဝီဂန်နည်းပြ မာတီနက်ဇ်တို့နဲ့လည်း ပြဿနာဖြစ်ခဲ့သလို ၂၀၁၃ခုနှစ် ဧပြီလမှာ ပွဲကစားရင်း ချယ်လ်ဆီးကစားသမားအီဗန်နီဗစ်ကိုကိုက်ခဲ့လို့ ၁၀ပွဲ ပိတ်ပင်တဲ့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်တဲ့ ဆွာရက်ဇ်ဟာ မိခင်ဥရုဂွေးအသင်းအတွက်လည်း ပွဲပေါင်း ၆၂ ပွဲကစားပေးထားပြီး ဂိုးပေါင်း ၃၀ကျော် သွင်းယူပေးနိုင်သူဖြစ်ပါတယ်။ လာမယ့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲမှာလည်း ဥရုဂွေးအသင်းရဲ့ အဓိက တိုက်စစ်မှူးအဖြစ် ပါဝင်ကစားမယ့်သူဖြစ်ပါတယ်။

ခြေစွမ်းထက်မြက်တဲ့ ဆွာရက်ဇ်ကို လီဗာပူးက ထုတ်မရောင်းဘူးလို့ ဆိုနေသလို ဆွာရက်ဇ်ကလည်း အသင်းပြောင်းချင်တယ်လို့ပြောကြားနေချိန်မှာ ရီးရဲမက်ဒရစ်ကလည်း ခေါ်ယူဖို့ ကြိုးစားနေတာမို့ ဆွာရက်ဇ်ရဲ့ အနာဂတ်ကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **မိုးမြင့်လင်းလက်- ရေးသားသည်**

## နိုင်ငံတကာအားကစားသတင်း

### ရာဖေးလ်နာဒယ်နှင့် ဖက်ဒဲယား အနိုင်ရ

ပြင်သစ်နိုင်ငံ ရိုးလန်ဂါရော့တွင် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပလျက်ရှိရာ ရာဖေးလ်နာဒယ်နှင့် ရော်ဂျာဖက်ဒဲယားတို့ အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။ ခုနစ်ကြိမ်ချန်ပီယံ နာဒယ်က ဆလိုဗေးနီးယားမှ မာတင်လင်ဆန်ကို အနိုင်ရရှိလိုက်သည်။ ၂၀၀၉ ခုနှစ် ချန်ပီယံဖက်ဒဲယားက ပြင်သစ်မှ ဂျူလီယန်ဘီနက်တူကို ၆-၃၊ ၆-၄၊ ၇-၅ ဖြင့် နိုင်ပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင်လည်း ဆီရီနာဝီလျံနှင့် လက်ရှိချန်ပီယံ ရှာရာပိုဗာတို့ နောက်ဆုံး ၁၆ ဦးပြိုင်ပွဲသို့ တက်လာသည်။

### တိုက်စစ်မှူး ဖယ်လ်ကာအိုအား မိုနာကိုစာချုပ်

အက်သလက်တီကိုတိုက်စစ်မှူး ရာဒါမဲလ်ဖယ်လ်ကာအိုအား ပြင်သစ်ကလပ် မိုနာကိုက ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်ရှိ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုသည် ယခုနှစ်ရာသီအတွင်း ၃၂ ဂိုး သွင်းယူခဲ့သည်။ ၎င်းအား ချယ်လ်ဆီးနှင့် မန်စီးတီးတို့ကလည်း ခေါ်ယူရန် ကြိုးစားခဲ့သည်။ ရုရှားသူဌေး ဒီမစ်တီရိုင်ဘိုလော့လက်ပိုင်သော မိုနာကိုက ၎င်းအား ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

### မန်စီးတီးနည်းပြသစ်ခန့်မည်

လာမည့်နှစ်ပတ်အတွင်း မန်စီးတီးနည်းပြသစ် ခန့်အပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အသင်းဥက္ကဋ္ဌ ခါဒွန်းအယ်လ်မူဘာရက်က ပြောကြားသည်။ မာလာဂါနည်းပြ ပယ်လီဂရီနီသည် မန်စီးတီးနည်းပြဖြစ်လာရန် သဘောတူညီမှုရယူထားသည်။ အသက် ၅၉ နှစ် အရွယ်ရှိ ချီလီနိုင်ငံသား ပယ်လီဂရီနီသည် မန်စီနီထွက်သွားပြီးနောက် နည်းပြဖြစ်လာရန် မျှော်လင့်ထားသည်။ မန်စီးတီးအသင်း၏နည်းပြသစ်သည် ဖလားတိုင်းကို ဆွတ်ခူးရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ဘောလုံးသမားခေါ်ယူရေးရန်ပုံငွေများက အောင်မြင်မှုရရှိရန် တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

## ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ဒေးဗစ်ဘန့်လေ၊ ဝီလျံဂါးလက်စ်၊ အဒီဘာယော၊ အီကိုတို စသည့် ကစားသမားများသည် ယခုနှစ်နွေရာသီ၌ စပါးအသင်းမှ ထွက်ခွာကြမည်ဖြစ်သည်။
- မော်ရင်ဟိုက ပေါ်တိုနောက်ခံလူမင်ဂါလာကို ခေါ်ယူစာချုပ်ရန် စီစဉ်နေပြီဖြစ်သည်။
- ဖာဘရီဂတ်စ်သည် ဘာစီလိုနာအသင်း၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အသက် ၂၁ နှစ်အရွယ်ရှိ ပေါ်တိုနောက်ခံလူ ခရစ္စတင်းက တစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုမှုကို ငြင်းပယ်ထားပြီး လီဗာပူးသို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်။
- ဖူလ်ဟမ်အသင်းက အသက် ၃၀ အရွယ်ရှိ နယ်သာလန်ဂိုးသမား စတီကီလန်ဘတ်ကို စာချုပ်ရန် ပြင်ဆင်လျက်ရှိသည်။
- ဆန်းဒါးလန်းသည် ဆဲလ်တစ်ဂိုးသမားဖော်စတာကို ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- အသက် ၂၇ နှစ် အရွယ်ရှိ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဂိုမက်ဇ်ကို နာပိုလီနှင့် ဖီအိုရင်းတီးနားတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။

## အလိမ္မာစာမှာရှိ


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/သမိုင်း၊ မြေကွက်အမှတ်၄/ဆ၁-ခA၊ မြေကွက်တည်နေရာ အမှတ် ၁၇၊ မစိုးရိမ်ကျောင်းလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးရွှေသန်းအမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးရွှေသန်းကွယ်လွန်သဖြင့် ဒေါ်နုရာဂျန် ၁၂/စခန(နိုင်)၀၅၆၃၉၆၏အထွေထွေကိုယ်စားလှယ်ရရှိသူ (၁၅၅၄/၂၀၁၃)(၂၈-၁-၂၀၁၃)ရရှိသူ ဦးညိန်းသူအောင်က ၉/မဟမ(နိုင်)၀၀၀၇၂၂က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာသေစာရင်း၊ G/Pတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မင်္ဂလာနှစ်ပတ်လည်တောင်းဆုမွန်**

အနန္တကျေးဇူးရှင် ချစ်ဖေဖေ ဦးသိန်းလင်းထွန်း(U.S.A)နှင့် ချစ်မေမေ ဒေါ်မေကျော့ကျော့လွင်(U.S.A)တို့၏ ၂-၆-၂၀၁၃ ရက်တွင် ကျရောက်သော (၁၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီးတို့နှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာအောင်ကြောင်းကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သော သားနှင့်သမီး အောင်ခြင်းလင်းထွန်း(ခ)Lawrance Lin(U.S.A)**

**မေသူရီလင်းထွန်း(ခ)Magrolia Lin(U.S.A)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါယာဉ်စစ်ဆေးရေးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Mobile Test Lane With Container Carrier Truck

(က) Mobile Test Lane Technical Specification
- (၁) Country of Origin - Germany
- (၂) Test Lane Type - Mobile Test Lane
- (၃) Operation - With Power Generator And Computer Control Office Room With Air Conditioner
- (၄) Test Lane Container Size - Length 20ft(6096mm)
- (၅) Condition - Brand New

(ခ) Container Carrier Truck Specification
- (၁) Country of Origin - Europe(or)Japan
- (၂) Type - Container carrier Truck(6x4)
- (၃) Model - 2008 & Up

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁-၇-၂၀၁၃ ရက် ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(စီမံ)**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉**
**သံသုမာလမ်း၊ မြင်သာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**

**ကျေးဇူးဆပ်ပါမည်**

ဦးဝင်းစိန်၏သမီး မသီတာခိုင် ၁၂/တမန(နိုင်)၀၈၁၅၄၈ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁၃၃၁၉၄**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်းနေ သီဟဆန်ပွဲရုံ ဦးဝင်းမောင်-ဒေါ်အေးပေါ်တို့၏သား မောင်သီဟမင်းသည် မိဘများ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်သီဟမင်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးဝင်းမောင်-ဒေါ်အေးပေါ်**

**စားသောက်ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ စေတီကုန်းလမ်း၊ အမှတ် ၄/၂၅၄ တွင် နေထိုင်သူ ဦးမြင့်ထူး ၁၃/တကန(နိုင်)၂၈၂၆၃၄ သည် အောက်ပါ ဖော်ပြပါ ငွေလမင်းစပါယ်ရှယ်ကြက်သားဒံပေါက် စားသောက်ကုန်အမှတ်တံဆိပ်ကို တောင်ကြီးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁/၂၀၁၃) အရ တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော ဖော့ဘူး၊ စက္ကူအိတ်၊ စက္ကူထုပ်၊ ပလတ်စတစ်အိတ်၊ ပါဆယ်အိတ် အစရှိသည်တို့အပေါ်တွင် ယင်းတံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့်ပြုလုပ်ပြီးလျှင် ကြက်သားဒံပေါက်၊ ကြက်ဆီထမင်း၊ နတ်သုဓာ၊ ထောပတ်ထမင်း၊ အုန်းထမင်း စသဖြင့် ထည့်သွင်းအသုံးပြုနိုင်သည့်ပစ္စည်းများအပေါ်တွင် ကပ်နှိပ်၍၊ ဖိနှိပ်၍ ရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထို့အပြင် အဆိုပါလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သော အသုံးအဆောင် စာရွက်စာတမ်းများ၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ပြေစာ၊ ဘောက်ချာများတွင်လည်း ဖော်ပြပါတံဆိပ်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး ရိုက်နှိပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတံဆိပ် အမည်အမှတ်အသားကို ဦးမြင့်ထူးမှတစ်ပါး ကောင်းသောနာမည်ကောင်းကို အခွင့်ကောင်းယူ၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ဆင်တူတုပ၍သော်လည်းကောင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လုံးဝမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၈)**
**အမှတ်(၁၅/၈)၊ ကမ္ဘောဇလမ်း၊**
**ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၅၂၄၀၄၉၈၊ ၀၈၁-၂၀၁၁၃၄**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်စိန်မှန်လမ်းမကြီး၊ အမှတ်-၁/၁၁/၁၂၀(က) အလျားပေ၂၀×အနံ ပေ ၆၀၊ မြေအကျယ် ၀ ဒသမ ၀၅၅ ဧကပေါ်ရှိ ဦးကျင်ထွန်းအမည်ပေါက် ပိုင်ဆိုင်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်(ဘ)ဦးကျော်စိုး ၁၂/လသယ(နိုင်)၀၀၁၄၉၂ ထံမှ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စပ်ဆိုင်သူများရှိပါက ယနေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးအေးသီ(B.A, RL)** | **ဒေါ်ချိုသဲလွင်(LL.B, D.I.L)** | **ဒေါ်အိသူနွယ်စိုး(LL.B, LL.M)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၇၈၃၈ | စဉ်-၈၆၈၄ | စဉ်-၈၇၄၈ |
| ဖုန်း-၀၉-၅၁၈၀၁၂၀ | ဖုန်း-၀၉-၇၃၀၆၃၃၈၈ | ဖုန်း-၀၉-၇၃၉၀၁၇၀၇ |

**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ကြော်ငြာ


2013 FIFA Confederations Cup Brazil
June 16 - July 1
LIVE ON SKY NET
Group-A
Group-B
1 Brazil 16.6.2013 (Sun)1:30 AM Japan
2 Mexico 17.6.2013 (Mon)1:30 AM Italy
5 Brazil 20.6.2013(THUR)1:30 AM Mexico
6 Italy 20.6.2013(THUR) 4:30 AM Japan
9 Italy 23.6.2013 (Sun)1:30 AM Brazil
10 Japan 23.6.2013 (SUN)1:30 AM Mexico
3 Spain 17.6.2013 (Mon)4:30 AM
4 Tahiti 18.6.2013 (TUE)1:30 AM
7 Spain 21.6.2013 (FRI)1:30 AM Tahiti
8 21.6.2013 (FRI)4:30 AM
11 24.6.2013 (MON)1:30 AM Spain
12 24.6.2013 (MON)1:30 AM Tahiti
Semi - Final
13 27.6.2013(THUR)1:30 AM
1A Vs 2B
Third Place
15 30.6.2013(SUN)10:30 PM
L13 Vs L14
Semi - Final
14 28.6.2013(FRI)1:30 AM
1B Vs 2A
Final
1.7.2013 (MON) 4:30 AM
W13 Vs W14
Phone :09 73015753, 09 73015756



# မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ထပ်ဆင့်လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇွန် ၁

MCC ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ အစိုးရအဖွဲ့ ဝန်ကြီးများ၏ ဇနီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်း အင်အား ၅၀၀ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက **(အပေါ်ပုံ)** အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ စေတနာ့ဝန်ထမ်းများမှ မိခင်နှင့် ကလေးလုပ်ငန်းများကို ထူးထူးခြားခြား ဆောင်ရွက်နိုင်သည့် စွမ်းအားရှင်များအားဆုချီးမြှင့်ခြင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များ အရေးပေါ်ညွှန်းပို့ရေး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ပံ့ပိုးငွေများ၊ အသင်းဝင်အသိအမှတ်ပြုကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခြင်းနှင့် သားဖွားခန်း ၂၂ ခန်းသို့ သားဖွားဆရာမများ အသုံးပြုရန် MIDWIFE KIT များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မီးမီး(လှိုင်)**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

သိန်းနီ ဇွန် ၁

သိန်းနီမြို့နယ် မိုင်းလီကျေးရွာအုပ်စု မိုင်းလီကျေးရွာ အထက(ခွဲ) အစည်းအဝေးခန်းမ၌ မိုင်းလီကျေးရွာအုပ်စုရှိ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် လျှောက်ထားသော တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ အမှာစကားပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ရာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက မိုင်းလီကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လွင်ထံသို့လည်းကောင်း၊တွဲဖက်ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းမြင့်က တောင်သူဦးဟန်စိန်ထံသို့လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အောင်က တောင်သူဦးဘဌေးထံသို့လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က တောင်သူဦးဆန်းပူးထံသို့လည်းကောင်း စုစုပေါင်း ကွင်းရှစ်ကွင်းမှ တောင်သူပေါင်း ၁၂၈ ဦး ဦးပိုင်အမှတ် ၁၄၄ခု အား ပေးအပ်ခဲ့သည်။

ဒုတိယအကြိမ်မြောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းအခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက စယ်အူကျေးရွာ အထက(ခွဲ) ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စယ်အူကျေးရွာအုပ်စုအတွင်းရှိ တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်လှ(သိန်းနီ)**

# ကျောင်းအပ်နှံရေးနေ့ ကျင်းပ

လင်းခေး ဇွန် ၁

မေ ၃၀ ရက် နံနက် ၉ နာရီက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ လင်းခေးမြို့နယ်လုံးကျွတ်အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်း အကြောင်း၊ လင်းခေးအထက၏ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုင်းအောင်သန်းက အခြေခံပညာအထက်တန်းကျောင်းအဆောက်အအုံ ပြုပြင်ရန်နှင့် ကျောင်း၏ အချက်အလက်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးတင်ပြသည်။ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင် မိသားစုကလင်းခေးမြို့နယ် ပင်ဝေါင်းအခြေခံပညာအလယ်တန်းကျောင်း ရန်ပုံငွေအတွက် အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူပြီး ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ ပေးအပ်သော ခွဲတန်းအလိုက် ကျောင်းသုံးဗလာစာအုပ် ဒါဇင်၃၀၀၀ ကျော်ကို သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းအုပ်များထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စိုင်းဇော်လတ်**

# လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် စဥ့်ကိုင်၌ ထုတ်ပေး

စဥ့်ကိုင် ဇွန် ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်၌ တောင်သူများ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ သစ်ခေါက်ကျေးရွာအုပ်စုမှ တောင်သူ ၅၅ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၉၃ စောင်ကို ပေးအပ်ခဲ့ပြီး စဥ့်ကိုင်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရန် တောင်သူပေါင်း ၂၀၆၇၉ ဦးရှိပြီး ယခုနှစ်အတွင်း အပြီးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ထွန်းထွန်းနိုင်**

# ပေါက်ခေါင်းမြို့၌ တံတားတစ်စင်းဆောက်လုပ်လှူဒါန်း

ပေါက်ခေါင်း ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ် (၃) ရပ်ကွက်၌ ရပ်ကွက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ဦးမြင့်စိုး-ဒေါ်ခင်ညိုညို မိသားစုက ယခင်မြောင်းကူးဖြတ်ကျော်သစ်သားတံတားအစား ငွေကျပ် ၆၅ သိန်းကျော် အကုန်အကျခံကာ အရှည် ၁၇ ပေ၊ အကျယ် ၁၃ ပေ သံကူကွန်ကရစ်အမျိုးအစား တံတားတစ်စင်းကို ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြည်)**


## စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၏ ဘိလပ်မြေစက်ရုံများအား အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း(Expression of Interest)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၃၁)အကြီးစားစက်ရုံ(သရက်)၊ အမှတ် (၃၂)အကြီးစားစက်ရုံ(ကြံခင်း)နှင့် အမှတ် (၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)တို့အား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI) အား စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၃ခုနှစ် ဇူလိုင် ၅ရက် ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည် ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ EOI ပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၃-၆-၂၀၁၃ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ကုမ္ပဏီဆိုင်ရာအထောက်အထား**

- သက်တမ်းရှိကုမ္ပဏီ မှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့်နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈)

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၆**

၁။ ဦးခင်မောင်သန်း
၂။ ဒေါ်လွင်လွင်ပြုံး
၃။ ဒေါ်လှလှနု
၄။ ဦးခင်မောင်ပို
အမှတ် ၆၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် (၆)နေ ဦးခင်မောင်သန်း၊ ဒေါ်လွင်လွင်ပြုံး၊ ဒေါ်လှလှနု၊ ဦးခင်မောင်ပိုတို့က ကွယ်လွန်သူဦးစိန်၏ သားသမီးများဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးစိန်မှာ ကျန်ရှိသော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးမှ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇွန် ၁၃ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၅ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးခင်မောင်သန်း၊ ဒေါ်လွင်လွင်ပြုံး၊ ဒေါ်လှလှနု၊ ဦးခင်မောင်ပိုတို့၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်လှမြင့်**
**ဒုတိယခရိုင်တရားသူကြီး(၆)**

## တစ်ဦးတည်း ဖြစ်ကြောင်း

မဟေမာနှင်း၏ဖခင် ဦးကျော်ဒိုးနှင့် ဦးတင်လှ ၁၂/သခန(နိုင်)၀၀၆၅၃၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၄/၂၀၁၃)

**နေပြည်တော်၊ ၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁၂ရက်**
**(၂၀၁၃ ခုနှစ် မေလ ၂၁ရက်)**

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ(Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ။ ၂၀၁၃ခုနှစ်၊ မေလ(၂၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ မေလ ၂၇ရက်မှ ဇွန်လ ၂၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၆။ အသေးစိတ်သိရှိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## မသန်စွမ်းသူများအတွက် (အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား သင်တန်းသူခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR Japan မှ အဆင့်မြင့် ဂျပန်နည်းပညာ စက်ချုပ်၊ ဆံသ၊အလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင် သုံးကြိမ်အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ အသက် ၁၈ နှစ်မှ ၄၀အတွင်း လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင်နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်နှင့် သင်တန်းသား/သင်တန်းသူများအတွက် အသွားအပြန် အနည်းဆုံးခရီးစရိတ်ကို AAR Japan မှ စရိတ်ငြိမ်းတာဝန်ယူပါမည်။ သင်တန်းသား သင်တန်းသူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan အသက်မွေးဝမ်းကျောင်းတွင် အခမဲ့ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

**တတိယအပတ်စဉ် ၂၀၁၃ ခုနှစ်သင်တန်းအတွက်**

| | | |
|---|---|---|
| လျှောက်လွှာပိတ်မည့်ရက် | - | ၂၈ ရက် ဇွန်လ ၂၀၁၃ ခုနှစ် |
| သင်တန်းကာလ | - | ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂ရက် မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်အထိ |

**ဆက်သွယ်စုံစမ်းရန်လိပ်စာ** - မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ AAR Japan အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၁၇၁၂ AAR Japan

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရှိ စမ်းသပ်ရေးနှင့်အထွေထွေထောက်ကူဌာနတွင် အသုံးပြုရန်လိုအပ်သော Instrument များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၆-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၀-၆-၂၀၁၃ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် ၁၉၇၊ ၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊**
**အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# မြတ်ရွှေအိုး ကျေးရွာစာကြည့်တိုက်ဖွင့်

**မိုင်းဆတ် ဇွန် ၁**

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ဝိန်းနေကျေးရွာအုပ်စု ဝိန်းကောင်းကျေးရွာတွင် ပြည်သူများ လွယ်လင့်တကူ အသိပညာဗဟုသုတများ လေ့လာဆည်းပူးနိုင်ရန်အတွက် မြတ်ရွှေအိုးစာကြည့်တိုက် ဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးနှင့် မြို့မိမြို့ဖ ဦးစိုင်းချစ်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး **(အပေါ်ပုံ)** အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးလှဌေးက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြား၍ စာအုပ်စာစောင်နှင့်အလှူငွေများကို တာဝန်ရှိသူများသို့ အလှူရှင်များက လှူဒါန်းခဲ့ကြသည်။

**ဆောက်လုပ်ခဲ့**

အဆိုပါ စာကြည့်တိုက်သည် အုတ်တိုက် သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် စေတနာရှင်ပြည်သူများက ပါဝင်လှူဒါန်းငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၂၅ သိန်း အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ဝေယံလင်း (မိုင်းဆတ်)**

## စဉ့်ကူးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**စဉ့်ကူး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည့်ဝခိုင်မာ ဆောက်လုပ်ရေးကုမ္ပဏီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် စာသင်ခုံ ၂၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀၀ နှင့်ခဲတံများ၊ ကံတောင်ကျေးရွာ အလယ်တန်းကျောင်းခွဲကျောင်းဆောင်သစ်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀ လှူဒါန်းခြင်း၊ Ray Construction မှ ဒါရိုက်တာ ဦးထွန်းထွန်းဦးက အခြေခံပညာကျောင်းများအတွက် ကျောက်သင်ပုန်း ၁၁၁ ချပ် လှူဒါန်းခြင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အလှူငွေကျပ် ၁၀၀၀၀ စီ လှူဒါန်းခြင်းများအတွက် မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီးကျေးဇူးတင်စကားပြောကြားသည်။ **(၄၃၃)**

## လွိုင်လင်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**လွိုင်လင် ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်၌ မေ ၃၀ ရက် နံနက် ၉ နာရီခွဲက အထက(၁)၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့်ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းကျော်သန်းက မသင်မနေရမူလတန်းပညာရေး၊ ဘက်စုံလွှမ်းခြုံ ပညာရေးနှင့် ပညာရေးရည်မှန်းချက်များ ပြောကြားပြီး လွိုင်လင်ပညာရေးစောင့်ရှောက်မှုကော်မတီက လှူဒါန်းငွေကျပ် သိန်း ၂၀၊ ပင်လုံတက္ကသိုလ်မိသားစုက ငွေကျပ် ၁၃၉၉၄၀ တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ၊ စေတနာရှင်များက ငွေကျပ် ၂၇၇၄၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မိုးလွင်ဦး (ပြန်/ဆက်)**

## ထားဝယ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံ

**ထားဝယ် ဇွန် ၁**

ထားဝယ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၃၀ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကာ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရီက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းနေရန်အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများနှင့်ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ထောက်ပံ့ပစ္စည်းများကို ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရီနှင့်တာဝန်ရှိသူများ၊အလှူရှင်များက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ရေယာဉ်(၂)စင်းအား ကိုယ်ထည်ပိုင်းနှင့် အင်ဂျင်ပိုင်းပြင်ဆင်ခြင်းအတွက် ဈေးပြိုင်ပေးသွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ (ရုံးချုပ်) ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၄၁၄၀၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လ (၂၀၁၃ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်ယန္တရားများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၃၁-၅-၂၀၁၃ ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၆-၂၀၁၃ ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | ၁၆း၃၀နာရီ |

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင်ဆောက်လုပ်မည့် CT Scan အဆောက်အအုံအတွက် ဆောက်လုပ်ရန်ဆန္ဒရှိသူများ လျှောက်ထားနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါတင်သွင်းလွှာပုံစံများ

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၁-၆-၂၀၁၃ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၅-၆-၂၀၁၃ ရက်၊ ညနေ ၄ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ဆောက်လုပ်မည့်အဆောက်အအုံ၏ အတိုင်းအတာနှင့်ပုံစံများခန့်မှန်းတွက်ချက်မှုစာရင်းများကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၁၀၆၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး ဌာနပိုင်မြေနေရာအား လုံခြုံရေးအတွက် သံဆူးကြိုးဖြင့် ကာရံခွင့်ပြုထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၄၆) အခွန်အယူခံခုံအဖွဲ့ရုံးတွင် ၃-၆-၂၀၁၃ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီအရောက် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၇၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**အခွန်အယူခံခုံအဖွဲ့ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| **စဉ်** | **ကျောက်အမျိုးအစား** | **အရေအတွက်** |
|---|---|---|
| ၁ | ခွဲကျောက်မျိုးစုံ | ၄၃၅၀၀ ကျင်း |
| | **တင်ဒါလျှောက်လွှာပိတ်ရက်** | ၁၄-၆-၂၀၁၃ရက် |
| | **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | ညနေ ၅ နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဂန့်ဂေါခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၃၁-၅-၂၀၁၃ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၂-၅၀၀၂၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ လေယာဉ်ကွင်းအထူးအဖွဲ့(၅)၊ လမ်းအထူးအဖွဲ့(၃)၊ လမ်းအထူးအဖွဲ့(၅)နှင့် သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| **စဉ်** | **ကျောက်အမျိုးအစား** | | **အရေအတွက်** |
|---|---|---|---|
| ၁။ | ခွဲကျောက်မျိုးစုံ | | ၆၇၇၆၂.၆၁ ကျင်း |
| | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၃-၆-၂၀၁၃ရက် |
| | **တင်ဒါပိတ်မည့်ရက်** | - | ၇-၆-၂၀၁၃ရက် |
| | **တင်ဒါပိတ်မည့်အချိန်** | - | ၁၆း၃၀နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၃-၆-၂၀၁၃ရက်မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၈-၂၁၀၂၃၊ ၂၁၀၈၉**

## အိတ်ဖွင့်ခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆီကြမ်း စမ်းသပ်သန့်စင်ထုတ်လုပ်ရေးစက်ရုံ(သဃ်န်းကျွန်း)မှ ထုတ်လုပ်ထားသော ဆီအုန်းဆီကြမ်းလက်ကျန် (၂၃၁ဒသမ၃၀၅)မက်ထရစ်တန်အား Lot အဖြစ် သတ်မှတ်၍လည်းကောင်း၊ ဆီကြမ်းစမ်းသပ်ထုတ်လုပ်ရေးစက်ရုံ (အင်္ဂတို)မှ ထုတ်လုပ်ထားသော ဆီအုန်းဆီကြမ်းလက်ကျန် (၂၂၀ဒသမ၂၄၈)မက်ထရစ်တန်အားလည်း Lot အဖြစ်သတ်မှတ်၍လည်းကောင်း၊ စုစုပေါင်း ဆီအုန်းဆီကြမ်းလက်ကျန် (၄၅၁ဒသမ၅၅၃)မက်ထရစ်တန်အား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၆-၂၀၁၃ရက်မှ ၂၈-၆-၂၀၁၃ရက်အထိ နံနက် ၀၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးချုပ်တွင် စည်းကမ်းချက်များနှင့်အတူ တစ်စုံလျှင်ငွေကျပ် ၅၀၀၀/-ဖြင့် ဝယ်ယူနိုင်ပါသည်။
၃။ ၁-၇-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီတွင် ရုံးအမှတ် ၅၀၊ နေပြည်တော်၌ မျက်နှာစုံညီတင်ဒါဖွင့်မည်ဖြစ်ပြီး ကြီးကြပ်ရေးကော်မတီ၏ရှေ့မှောက်၌ (တင်ဒါအောင်မြင်သည့်အခါ စာချုပ်ချုပ်ဆိုမည့်သူ)ကိုယ်တိုင်အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းရမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၁၃၁၂၀၃၊ ၄၁၁၁၀၇**

## ကသာမြို့ရှိ တော်ဝင်နန်း-ဧည့်ရိပ်မွန်နှင့်ပတ်သက်၍
## အများသိစေရန်ကြေညာခြင်း

ကသာမြို့၊အမှတ်(၄)ရပ်ကွက်၊သစ်တောလမ်းတွင်ရှိသော **တော်ဝင်နန်း-ဧည့်ရိပ်မွန်**မှာ မိဘများဖြစ်ကြသော ဦးလှမောင်-ဒေါ်ရီနှင့် သမီးဖြစ်သူ ဒေါ်သန်းလှတို့ပူးတွဲ၍ ပိုင်ဆိုင်ခြင်းဖြစ်ပြီး နှစ်ဦးစပ်တူလုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါ ဧည့်ရိပ်မွန်နှင့်ပတ်သက်၍ ဦးလှမောင်-ဒေါ်ရီတို့၏ ကိုယ်စား ကိစ္စအဝဝဆောင်ရွက်နိုင်ရန် ၂၃-၅-၂၀၁၃ရက်တွင် မတင်သိန်း ၅/ကသန(နိုင်)၀၇၃၆၅၈သို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၇/၁၃)ဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **တော်ဝင်နန်း-ဧည့်ရိပ်မွန်**ကိုဖြစ်စေ အစုရှယ်ယာများကိုဖြစ်စေ မတင်သိန်း ၅/ကသန(နိုင်) ၀၇၃၆၅၈၏ သိရှိသဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းတစ်စုံတစ်ရာ မပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးလှမောင်** | **ဒေါ်သက်သက်ဆွေ LL.B** |
| **၅/ကသန(နိုင်)၀၀၆၆၃၂** | **အထက်တန်းရှေ့နေ** |
| **ဒေါ်ရီ** | **အမှတ်၂၆၊၈၇လမ်း၊ ၃၁×၃၂လမ်းကြား၊** |
| **၅/ကသန(နိုင်)၀၀၆၆၃၃** | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၂၀၆၀၅၁၆** |

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဖျာပုံမြို့ မိုးရာသီအကြို မင်းညီနောင်ပွဲတော်ကျင်းပ

**ဖျာပုံ ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့သည် မြစ်ဝကျွန်းပေါ်မြို့ဖြစ်ပြီး လယ်ယာ၊ ကိုင်းကျွန်းအပြင် ပင်လယ်ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး မွန်၊ မြန်မာ၊ ကရင်နှင့် အခြားတိုင်းရင်းသားများရှိကြသည်။ ထိုကဲ့သို့စီးပွားရေးလုပ်ငန်းများအတွက် မိမိတို့၏ယုံကြည်ရာများကို ပူဇော်ပသမှုများ နှစ်စဉ်မပျက် လုပ်ငန်းအလိုက် ကျင်းပကြသည်။ မေ ၂၅ ရက် ကဆုန်လပြည့်ကျော် ၁ ရက် မွန်းလွဲ၁နာရီက တောင်ပြုံး မင်းညီနောင်ပွဲတော်နည်းတူ ဖျာပုံမင်းညီနောင်ပွဲတော်ကို နှစ်စဉ်ကျင်းပကြသည်။ မိမိတို့ယုံကြည်ကိုးကွယ်သည့် ရိုးရာနတ်များကို ယခင်က နွားလှည်းများအလှဆင်၍ နတ်ဝင်သည်များကို တင်ဆောင် လှည့်လည်ကြပြီး ယခုအခါ သုံးဘီးဆိုင်ကယ်များနှင့်(**အောက်ပုံ**) ပင့်ဆောင်ပူဇော်သူများ၏ ဖိတ်ကြားထားသော လမ်းအလိုက် မြို့တွင်းသို့လှည့်လည်ကြပြီး လမ်းအလိုက် မိမိတို့ရိုးရာသက်ဆိုင်ရာနတ်များကို ပူဇော်ပသကြသည်။

"ကျွန်တော်တို့ဖျာပုံမှာ ရာသီအလိုက်ပွဲတော်တွေကျင်းပပြီး အခု မင်းညီနောင်ပွဲက မိုးအကြိုပွဲပါ။ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ မိုးခေါင်မှုနည်းပါးတဲ့အပြင် စီးပွားလာဘ်လာဘတွေပွင့်လန်းပြီး မြို့နေပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ ဆုတောင်းမေတ္တာပို့ပြီး ကုသိုလ်ဒါနပြုပူဇော်ပသတဲ့ရိုးရာဖြစ်ပြီး ပွဲတော်ကျင်းပပြီးတစ်ရက်မှစတင် မိုးရွာသွန်းလေ့ရှိပါတယ်"ဟု ဒေသခံတစ်ဦးကပြောကြားသည်။

**ချမ်းသာ**



# မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ ဆွေးနွေးဟောပြော

**စစ်တွေ မေ ၃၁**

မြန်မာ့အာမခံလုပ်ငန်း ရခိုင်ပြည်နယ်ရုံးမှ မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ ဆွေးနွေးဟောပြောပွဲကို မေ ၃၀ရက်က စစ်တွေမြို့ မြို့မဈေးကြီးရှိ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်ပေးနေသော အာမခံအမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားပြီး ယင်းအာမခံအမျိုးအစားများအနက်မှ မီးနှင့်အင်ဂျင်နီယာအာမခံလုပ်ငန်းနှင့် ရေကြောင်းအာမခံလုပ်ငန်းအကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျောင်းအပ်နှံရေးဆောင်ရွက်

**မြဝတီ ဇွန် ၁**

မြဝတီခရိုင် မြဝတီမြို့နယ် လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်နှင့်ခရိုင်အုပ်ချုပ်ရေးမှူး၊ အမှတ် (၁) အခြေခံပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြား၍ မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးက လှူဒါန်းသော ငွေကျပ်နှစ်သိန်းကို မြို့နယ်ပညာရေးမှူးကလက်ခံယူပြီးပညာရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော မူလတန်းအဆင့် အခမဲ့ဖြန့်ဝေသောပုံနှိပ်စာအုပ်များ၊ စေတနာရှင်များက အလှူငွေများနှင့်ပညာသင် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**နဒီမြင့်မိုရ်(မြဝတီ)**

## ၂၀၁၃ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ဇွန်လ ပထမ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၀ ရက်မှ ၂၄ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၉ ရက်မှ ၁၂ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၈ ရက်ခန့် ရွာသွန်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

**တောင်ပေါ်သား** အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းမှ အနှစ် ၂၀ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်-မန္တလေးသို့ လုံခြုံစိတ်ချမှုရှိသော ကားသစ်ကြီးများဖြင့် ခရီးသည်များအား စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် ကျွမ်းကျင်သော သက်တမ်းရင့်ယာဉ်မောင်းများနှင့် ယဉ်ကျေးပျူငှာသော ယာဉ်မယ်လေးများ၏ ဧည့်ဝတ်ကျေပွန်စေမှုနှင့် ကားပေါ်တွင် ခရီးသည်များကို ကော်ဖီနှင့် မုန့်များကျွေးမွေးဧည့်ခံခြင်းစသည့် ဝန်ဆောင်မှုများဖြင့် ၁၄-၅-၂၀၁၃ရက်မှစ၍ နေ့စဉ် ည ၇း၃၀နာရီတွင် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တောင်ပေါ်သား**မှ အခြားခရီးစဉ်များကို နေ့စဉ် ရန်ကုန်-တောင်ကြီးသို့ Economic Class ညနေ ၅း၀၀နာရီ Business Class VIP Seat (2+1) ညနေ ၆း၀၀နာရီ ရန်ကုန်-နေပြည်တော်သို့ နံနက် ၈း၀၀နာရီ၊ မွန်းလွဲ ၂း၀၀နာရီ၊ ည ၇း၀၀နာရီများတွင် ပြေးဆွဲလျက်ရှိပြီး **နယူးတောင်ပေါ်သား** အမည်ဖြင့် ရန်ကုန်-ဘားအံ-ကော့ကရိတ်-မြဝတီ ည ၇း၀၀နာရီတွင် ပြေးဆွဲနေပြီးဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအားလုံးကို အသိပေး ကြေညာအပ်ပါသည်။

ဖုန်း-၀၈၁-၂၁၂၁၆၅၆၊ ၀၁-၇၀၅၀၈၉
၀၉-၄၅၀၀၅၀၀၄၉၊ ၀၂-၇၁၃၀၄
၀၉-၅၂၁၅၆၀၄၊ ၀၆၇-၂၆၂၇၁၊ ၀၅၈-၄၀၁၄၅

တောင်ပေါ်သားနှင့်နယူးတောင်ပေါ်သား
မိသားစုမှ
လှိုက်လှဲစွာကြေးဆိုတင်ပါသည်။

မြန်မာ့ရုပ်/သံဝန်ထမ်းဟောင်းများအသင်း မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

အသင်း၏မိတ်ဆုံစားပွဲကိုအောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့်ဝန်ထမ်းဟောင်းများအားလုံးတက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။၎င်းနေ့တွင် တစ်ခေတ်တစ်ခါမြန်မာ့ရုပ်/သံမဂ္ဂဇင်းကိုစတင်ဖြန့်ချိပါမည်။

အချိန် - မွန်းတည့်(၁၂း၀၀)နာရီမှ(၂း၀၀)နာရီအထိ
နေ့ရက် - ၉ ။ ၆ ။ ၂၀၁၃(တနင်္ဂနွေနေ့)
နေရာ - M3 Food Center၊အနောက်ရွှေဂုံတိုင်လမ်း၊ဗဟန်း

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကျောင်းကြီးရပ်ကွက်၊ ကျောင်းကြီး ၁ လမ်း၊ မြေတိုင်းတာရေးကွင်းဆင်းအဖွဲ့မှတ်တမ်း မြေကွက်အမှတ်-၄/၃၁၆၊ မြေကွက်အတွင်းမှ ဦးသိန်းတန် အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မြေကွက်အမှတ်(၁၀)၊ (အလျား ၃၇ပေ×အနံ၆၃ပေ) အကျယ်အဝန်းရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံများနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော **ဒေါ်ဝင်းကြည် ၁၂/မရက(နိုင်)၀၆၆၄၇၇၊ ကိုသက်ဇော်ဦး ၁၂/လကန(နိုင်)၁၈၈၆၂၇**တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အအုံများ၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B,A.G.T.I(EP),D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး**

**ဒေါ်မြတ်သီတာအောင် LL.B**
**အထက်တန်းရှေ့နေ**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၃၁၁၆၇၀၈၆၊**
**၀၉-၇၃၁၉၉၁၄၀၊ ၀၉-၈၅၇၂၉၃၄**

## မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းမှ အကြောင်းကြားပါသည်

ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနေသည့် အခါသမယတွင် ပလတ်စတစ်နှင့်ပတ်သက်သော ပစ္စည်းများ ထုတ်လုပ်မှုအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာဖြန့်ဝေမှုများ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ၊ လိုအပ်သောပလတ်စတစ် စက်ပစ္စည်းမှာယူတင်သွင်းမှုများ၊ အတတ်ပညာဖြန့်ဝေမှုများအပြင် ပြည်ပသို့ ပလတ်စတစ်ကုန်ချောပစ္စည်းများ တင်ပို့နိုင်ရန်ကိစ္စရပ်များနှင့် ၂၀၁၄ခုနှစ်တွင် အာဆီယံ ပလတ်စတစ်အသင်းချုပ်မှ မြန်မာနိုင်ငံတွင်ပလတ်စတစ်အစည်းအဝေးများကို ကျင်းပနိုင်ရန်အတွက် အသင်းသားဟောင်း/အသင်းသားအသစ်များ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းကို ဝင်ရောက်လိုသူများ အမြန်ဆုံးဆက်သွယ်ပါရန် ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း**
**အမှတ်(၂၉)၊6th Floor,(UMFCCI Tower)၊ မင်းရဲကျော်စွာလမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၉၅၁-၂၁၄၈၃၅**
**e-mail: myanmarpia2000@gmail.com**

## လုံခြုံရေးဝန်ထမ်း(၁၀)ဦးအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့်အရောင်းဆိုင်အတွက် အသက်(၂၀)နှင့် (၃၀)ကြား လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ ကိုယ်အလေးချိန်ပေါင် ၁၂၀ နှင့် အရပ် ၅ ပေ ၄ လက်မ အထက်ရှိရမည်။ ပညာအရည်အချင်း ၁၀ တန်းနှင့်အထက် ဘွဲ့ရများလျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

စိတ်ဝင်စားသူများ CV form နှင့်အတူ တစ်လအတွင်းရိုက်ထားသော (၄×၆)လက်မဆိုဒ် မတ်ရပ်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာနှင့်အတူ ၁၅-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် ၆၄၂၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## ဦးသိန်းနိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

၂၉-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)ပါ ဦးသိန်းနိုင်၏ လွှဲအပ်ချက်အရ အထက်တန်းရှေ့နေ ဦးမျိုးသန့်၏ ကြေညာချက်အပေါ် လယ်ဝေးမြို့၊ အမှတ် (၆)ရပ်ကွက်နေ ဒေါ်ချောစု(ဘ)ဦးဘိုးဝင်း ၉/လဝန(နိုင်)၁၃၅၀၈၆ ချောရတနာရွှေဆိုင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁၀-၂-၂၀၁၂ ရက်၌ ဦးသိန်းနိုင်၏ တောင်းဆိုချက်အရ ဒေါ်ချောစုသည် ဦးသိန်းနိုင်ထံမှ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် ၂၄၉၀နှင့် ယင်းပေါ်ရှိ သုံးပင်အိမ်အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်ချုပ်ငွေကျေပေးချေလက်ရောက်ဝယ်ယူ စည်းရိုးကာရံ၊ သော့ခတ်ထားပါသည်။ ဦးသိန်းနိုင်က ဒေါ်ချောစုသို့ မြေကွက်အမှတ် ၂၄၉၀ မြေပေးလက်မှတ်မူရင်း၊ ဦးသိန်းနိုင်၏ မှတ်ပုံတင်နှင့် လူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူများ၊ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ (၆၂၃/၂၀၁၂)ကို ပြုလုပ်လက်ရောက်ပေးခဲ့သည်။

ယခုအခါ ဦးသိန်းနိုင်သည် ဒေါ်ချောစုအမည်ပေါက် မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ပေးရန် ပျက်ကွက်နေသဖြင့် ၁၃-၅-၂၀၁၃ ရက်စွဲပါ အကြောင်းကြားစာပို့ခဲ့သည်။ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာကို တစ်ဖက်သတ်ပယ်ဖျက်ခွင့်မရှိပါ။ ဦးသိန်းနိုင်၏ မဟုတ်မမှန် ကြေညာချက်သည် ဒေါ်ချောစု၏ ဂုဏ်သိက္ခာကျစေပါသည်။ ၂၉-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးသိန်းနိုင်၏ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးရန် ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်ချောစု၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှဝင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၉၄၃၇)**
**ပတ္တာ၊ လယ်ဝေးမြို့၊**
**ဖုန်း-၀၉-၄၃၀၁၉၂၇၅**

**ဦးချမ်းဟိန်းသူ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၅၇၃၇)**
**ရုံးလမ်း၊ လယ်ဝေးမြို့၊**
**ဖုန်း-၀၉-၈၃၀၅၆၀၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အမှတ်၁၃/၆၅နေ ကျွန်တော်ဦးစိန်ဝင်း-ဒေါ်သန်းသန်းနိုင်တို့၏သား မောင်ကျော်ဆုသွေး ၇/တငန(နိုင်)၁၅၈၁၈၇သည် မိဘများ၏ ဆိုဆုံးမမှုများကိုနာခံခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိန်ဝင်း ၇/တငန(နိုင်)၀၁၇၉၄၉**
**ဒေါ်သန်းသန်းနိုင် ၇/တငန(နိုင်)၀၂၀၉၁၅**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ နည်းပညာများ ပါလာမည်ဖြစ်၍အင်ဂျင်နီယာများကို အဆင့်မြှင့်ရန်လို



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးဌေးမြင့်၊ ဒုတိယဝန်ကြီး ဦးအေးကြူ၊ ဒေါက်တာ ဝင်းမြင့်၊ ဒေါက်တာဇော်မင်းအောင်၊ ဦးဟန်စိန်၊ ဦးချန်မောင်၊ ဦးသောင်းတင်၊ တိုင်းဒေသကြီးဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ကော်မတီအတွင်းရေးမှူးများ၊ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီအဖွဲ့ဝင်များ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခ ချုပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ဖြစ်မြောက်စေရေးအတွက် လွန်ခဲ့သော နှစ်နှစ် ခန့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် *စာမျက်နှာ ၈ ကော်လံ ၄*

# အာဆီယံ လူငယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဖိလစ်ပိုင်ကို မြန်မာအသင်း ဂိုးပြတ်နိုင်

**ရန်ကုန် ဇွန် ၁**

အာဆီယံ လူငယ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်များကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်းတွင် ကျင်းပရာ မြန်မာ မန္တလေး ဘောလုံးအကယ်ဒမီ အသင်းက ဖိလစ်ပိုင် ယူ-၁၅ အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**မြန်မာ မန္တလေး ဘောလုံးအကယ်ဒမီ - လေးဂိုး၊**
**ဖိလစ်ပိုင် ယူ-၁၅ - တစ်ဂိုး။**

ပွဲဦးထွက်ပွဲတွင် အင်ဒိုနီးရှားအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ထားသည့် မြန်မာအသင်းမှာ နိုင်ပွဲရရေးအတွက်အားကုန်ထုတ် ကစားခဲ့သည်။ ပွဲအစပိုင်းသာ ဖိလစ်ပိုင်အသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရပြီး နောက်ပိုင်းတွင် မြန်မာအသင်းကပွဲကို စိုးမိုးနိုင်ခဲ့သည်။ ၃၁ မိနစ်တွင် အသင်းခေါင်းဆောင် ရဲရင့်အောင်၏ အဝေးကန်ချက်ဖြင့် မြန်မာအသင်းဂိုးစရခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံ ပိုကောင်းလာပြီး ၃၅ မိနစ်တွင် ဇွဲသက်ပိုင်၊ ၅၂ မိနစ်တွင် အောင်ပြည့်ကို၊ ၈၄ မိနစ်တွင် စိုးမိုးထွန်းတို့က သွင်းယူခဲ့ပြီး ဖိလစ်ပိုင်အတွက် ချေပဂိုးကို နာကျင်အချိန်ပိုတွင် အီမန်က သွင်းယူခဲ့သည်။



မြန်မာ မန္တလေးဘောလုံးအကယ်ဒမီအသင်းနှင့် ဖိလစ်ပိုင်ယူ-၁၅ အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

ယင်းပြိုင်ပွဲမှာ အာဆီယံဒေသတွင်းမှ လူငယ်အသင်းများနှင့် ဘောလုံးအကယ်ဒမီ အသင်းများအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် တစ်ပတ်လျှင် တစ်ပွဲနှုန်း ကျင်းပနေခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပထမပွဲ၌ အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကို အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။မြန်မာအသင်းမှာ တတိယပွဲစဉ်အဖြစ် ဇွန် ၈ ရက်တွင် ဘရူနိုင်း ယူ-၁၅အသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။

# (၂၂)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေ

**အမေးအရေး-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-အေးမင်းစိုး**

နေပြည်တော် ဇွန် ၁

**မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုစေရန်၊ ကမ္ဘာ့ခေါင်းဆောင်များနှင့် စီးပွားရေးပညာရှင်များ၏ အကြံဉာဏ်များရယူနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ ရရှိစေနိုင်သော (၂၂)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၅ ရက်မှ ၇ ရက်အထိ ကျင်းပတော့မည်ဖြစ်သည်။**

နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ၌ (၂၂)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပရေး အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ သတင်းအဖွဲ့က သွားရောက်ပြီး တာဝန်ရှိသူ အချို့နှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ ပထမဦးစွာ ခန်းမအတွင်း စက်ကိရိယာပစ္စည်းများနှင့် ပြင်ဆင်မှုပြုလုပ်လျက်ရှိသော စင်ကာပူနိုင်ငံ Trio Av Pte., Ltd. မှ Quek Zi Ying (Sound Engineer,Overall in-charge)အား တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ။ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပဖို့အတွက် ကြိုတင်ပြင်ဆင်မှုမှာ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေတာလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ အခမ်းအနား ကျင်းပမယ့် ဒီအဆောက်အအုံနဲ့အခန်းတွေအတွက် အသံပိုင်းဆိုင်ရာ လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေတာဖြစ်ပါတယ်။ အားလုံးအခန်းပေါင်း ၁၀ ခန်းကျော်ကို အသံပိုင်းနဲ့ပတ်သက်ပြီး စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။



"အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်"
(Quek Zi Ying)

**မေး။ ။ အသံစနစ် ကောင်းမွန်ဖို့အတွက် ဘယ်လိုများ ဆောင်ရွက်နေတယ်ဆိုတာ ပြောပြပေးပါဦး။**

*စာမျက်နှာ ၇ ကော်လံ ၁*

